ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-6-2006) (၄၉၈၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရီဒေါ့ဖ်၊ အက်စ်၊ အင်မ်ဟော့ဖ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရီဒေါ့ဖ်၊ အက်စ်၊ အင်မ်ဟော့ဖ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရီဒေါ့ဖ်၊ အက်စ်၊ အင်မ်ဟော့ဖ်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- **ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့၏ တပည့်များကို စာပေပညာ တတ်ကျွမ်းရုံသာမက အသိပညာနှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ဆက်လက်သင်ကြားကြရဦးမည်။**
  (ခေါင်းကြီး) စာမျက်နှာ–၂
- **လာရောက်ခွဲစိတ်ကြသော လူနာများကို ငွေကြေးကုန်ကျမှုမရှိစေရန် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အစအဆုံး တာဝန်ယူ ဆောင်ရွက်ပေးသည်။**
  ဒေါက်တာကြည်စိုး (စဝ်စံထွန်းဆေးရုံ)၏ **“အပြုံးပန်းလှိုင်ဝေ ရှမ်းတောင်မြေ”** (ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၆-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ပညာအလင်းရောင်ထွန်းညှိ

မြန်မာမှုနယ်ပယ်တွင် ပုဗ္ဗာစရိယ မိနှင့်ဖဟူသည့် ဆိုရိုးစကားရှိပေရာ မိဘတို့သည် သားသမီးများ၏ လက်ဦးဆရာဖြစ်သည်။ ကလေးသူငယ်များ၏ ပထမအဆင့်ဖြစ်သည့် လူမှုရေးနှင့် ယဉ်ကျေးမှုကို မိဘများက သင်ကြားပေးကြသည်။ သားသမီးတို့အား မကောင်းမှုမပြုရန် တားမြစ်ခြင်း၊ ကောင်းမှုကောင်းရာပြုရန် လမ်းညွှန်ပြသခြင်းတို့ဖြင့် အသိပညာ ပေးကြသည်။

ဒုတိယအဆင့်အနေဖြင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် အသိပညာ၊ အတတ်ပညာများကို ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူလူငယ်များအား ဆက်လက်သင်ကြားပို့ချပေးကြသည်။

ဆရာ၊ ဆရာမများက မိမိတို့၏ တပည့်များအား အသိပညာ၊ အတတ်ပညာ၊ နည်းပညာတို့ကို ကျွမ်းကျင်တတ်မြောက်စေရန် မငြိုငြင်မချန် အကုန်အစင်သင်ကြားပေးကြသည်။ ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှလည်း ကာကွယ်စောင့်ရှောက် ပေးကြသည်။ တပည့်တို့အား ပါရမီ၊ အထုံဝါသနာ၊ စိတ်ဝင်စားမှုတို့နှင့်အညီ သင့်တင့်လျောက်ပတ်သည့် အတတ်ပညာများ သင်ယူတတ်မြောက်နိုင်စေရန် ကျောင်း၊ တက္ကသိုလ်၊ သင်တန်းများ၌ စဉ်ဆက်မပြတ် ပညာပေးလေ့ကျင့် ပြုစုပျိုးထောင်ပေးနေကြသည်။

ထိုမျှမက တပည့်ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးဘက်စုံ ဖွံ့ဖြိုးစေရေး ရှေးရှုသင်ကြားပြုစုပျိုးထောင်ပေးခြင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ မြဲမြဲခိုင်မာစေရေး သင်ကြားပို့ချပေးခြင်းတို့ဖြင့် အသိပညာများ ဖြည့်ဆည်းလေ့ကျင့်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ဆရာ၊ ဆရာမများသည် တပည့်များ၏ အနာဂတ်ထွန်းလင်းတောက်ပရေးအတွက် မိမိတို့၏ ဘဝတစ်လျှောက်လုံး၌ စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကို အရင်းအနှီးပြု၍ ပညာအလင်းရောင်ထွန်းညှိပေးနေကြသူများဖြစ်သည်။ လူငယ်များအား ဘဝရှေ့ဆောင်လမ်းပြကြသူများ ဖြစ်ပေသည်။

ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များကို စာပေပညာတတ်ကျွမ်းရုံသာမက အသိပညာနှင့် ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ဆက်လက်သင်ကြားကြရဦးမည်။ ဆင်ခြင်တုံတရားနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရှိလာပြီး မိမိအနာဂတ်ကို မိမိကိုယ်တိုင် သိမြင်နားလည်ရွေးချယ်နိုင်သူများဖြစ်လာရေး ပြုစုပျိုးထောင်ပေးကြရဦးမည်ဖြစ်သည်။

ယနေ့ကာလတွင် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လျက် ရှိရာ ပညာရေးဥယျာဉ်မှူးများဖြစ်သည့် ဆရာ၊ ဆရာမများ၏ မွန်မြတ်သော စေတနာ၊ လုံ့လအားထုတ်မှုများဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များအား ပညာအလင်းရောင် ထွန်းလင်းတောက်ပစေရေးအတွက် ဆက်လက်ထွန်းညှိပေးသွား နိုင်ကြမည် ဖြစ်ပါသည်။ ။

သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်မှုဖြင့် ဘဝမြင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကဦးစီးပြီး ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဇွန် ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်အောင်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေကြူရင်နှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုသန်းနှင့်အဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြစဉ်။
(၅၀၆)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ အချိန်ပြည့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမည်

ရန်ကုန် ဇွန် ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အင်းစိန်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်း ဆိုင်အမှတ်(၀၀၂)သို့ရောက်ရှိရာ အရောင်းဆိုင်တာဝန်ခံဦးမြင့်ဇော်က ၂၄နာရီဓာတ်အားရရှိမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အားရရှိသဖြင့် မော်တော်ယာဉ်များကို CNGထည့်ပေးရာတွင် အဆင်ပြေချောမွေ့မှုများကို တင်ပြရာ ဝန်ကြီးက လျှပ်စစ်မီးပြတ်သဖြင့် CNG မထည့်ရသည့်အဖြစ်မျိုး မဖြစ်စေရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် CNG ဖြည့်တင်းနေသော မော်တော်ယာဉ်များကို ကြည့်ရှုသည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆိုင်အတွင်းရှိ လျှပ်စစ်ဓာတ်အားရရှိမှု မှတ်တမ်းကို တိုက်ဆိုင်စစ်ဆေးပြီး မြောက်ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ကလည်း လျှပ်စစ် ဓာတ်အားရရှိမှု စနစ်တို့ကို တင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိရေးကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားကာ သဘာဝဓာတ်ငွေ့လက်ခံရရှိမှု အဆင့်ဆင့်တို့ကို ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမပေါ်ရှိ CNG အရောင်းဆိုင်အမှတ်(၀၀၇)သို့ ရောက်ရှိရာ ဆိုင်တာဝန်ခံ ဦးလင်းဦးက လျှပ်စစ်ဓာတ်အား ရရှိမှု အခြေအနေများကို တင်ပြရာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းကလည်း လျှပ်စစ်ဓာတ်အားရရှိမှုကို ဖြည့်စွက်တင်ပြသည်။ ဝန်ကြီးက လျှပ်စစ်ဓာတ်အားကို အပြည့်အဝပံ့ပိုး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိုင်အတွင်းရှိ မော်တော်ယာဉ်များ၏ CNG ဖြည့်တင်းမှုများကို ကြည့်ရှုသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမပေါ်ရှိ CNGအရောင်းဆိုင်အမှတ်(၀၀၇)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

CNG ဖြည့်တင်းနိုင်ရေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် ရန်ကုန်-အင်းစိန်လမ်းမပေါ်ရှိ CNG ဆိုင်အမှတ်(၀၀၁)သို့ရောက်ရှိရာ ဆိုင်တာဝန်ခံ ဦးရဲမျိုးဦးက လျှပ်စစ်ဓာတ်အားကို အချိန်ပြည့် ပံ့ပိုးပေးနိုင်ပါရန်တင်ပြရာ ဝန်ကြီးက ပြည်သူများသွားလာမှုလွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုနေသော မော်တော်ယာဉ်များကို အခက်အခဲမရှိ CNG ဖြည့်တင်းပေးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိုင်အတွင်း လျှပ်စစ်ဓာတ်အား ရယူမှုစနစ်နှင့် သဘာဝ ဓာတ်ငွေ့လက်ခံရရှိမှု အဆင့်ဆင့်တို့ကို ကြည့်ရှုသည်။

ဆောင်ရွက်ပေးမည်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် CNG ဆိုင်အမှတ်(၀၀၃)သို့ရောက်ရှိရာ ဆိုင်တာဝန်ခံ ဦးမျိုးသီဟကျော်က လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ မော်တော်ယာဉ်များ၏ CNG ဖြည့်ဆည်းမှု အခြေအနေများကိုတင်ပြသည်။ ဝန်ကြီးက သဘာဝဓာတ်ငွေ့ လက်ခံရရှိမှုစနစ် အဆင့်ဆင့်၊ လျှပ်စစ်ဓာတ်အားကို လက်ခံဖြန့်ဖြူးပေးနေသော ထရန်စဖော်မာ တည်ဆောက်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတို့ကို ကြည့်ရှုပြီး မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့အရောင်းဆိုင်များကို အချိန်ပြည့် လျှပ်စစ်ဓာတ်အား ရရှိရေးကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

(သတင်းစဉ်)

တွံတေးဆရာတော်တရားပွဲ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁-ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေးအရှင်ဣန္ဒက(ဓမ္မကထိက ဗဟုဇနဟိတရေ)သည် ဇွန် ၁၃ရက်မှ ၂၂ရက်အထိ ညစဉ် ၇နာရီ၌ ကချင်ပြည်နယ် ဗန်းမော်မြို့ ဇေယျမင်္ဂလာဗိမာန်တော်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ၁၀ညတိုင်တိုင်ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။
(က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဇွန် ၆

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား (၂)မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၃၉) ကြိမ်မြောက် တရားစခန်းတွင် ပုပ္ပား (၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ နယုန်လပြည့်ကျော် ၃ရက်၊ ဇွန် ၁၃ရက် (အင်္ဂါနေ့) ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၅	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၃၃)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	**English Usage**
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိ ဗျတ္တိ" (အပိုင်း-၈)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

အပြုံးပန်းလှိုင်ဝေ ရှမ်းတောင်မြေ

ဒေါက်တာကြည်စိုး (စဝ်စံထွန်းဆေးရုံ)

မွေးရာပါ နှုတ်ခမ်းကွဲ ကလေးငယ်များ၏ မိဘများရင်ထဲသို့ ဝင်ကြည့်လျှင် အလွန်စိတ်မချမ်းမြေ့စရာ ကောင်းပေမည်။ နှုတ်ခမ်းကွဲ အပြင် အာခေါင်ပါကွဲနေလျှင်ကား ပိုဆိုးပေတော့မည်။ အာခေါင်ကွဲ ကြောင့် စကားမပီဖြစ်ကြမည်။ ထို့ထက်ဆိုးလျှင် အစာကောင်းကောင်း မဝင်သောကြောင့် အာဟာရချို့တဲ့လာမည်။ ရောဂါမျိုးစုံ ဝင်တတ် သည်။ အဆုတ်ရောင်ရောဂါမှာ အများဆုံး ဖြစ်တတ်သော ရောဂါ ဖြစ်သည်။ ကာယကံရှင် ကလေးများအတွက်ကား ကံဆိုးလှချေသည်။ ရုပ်ရည်အဆင်း မလှမပ ဖြစ်ရသည့်အပြင် လူမှုရေးဒုက္ခ၊ စိတ်ဓာတ် ရေးရာဒုက္ခများ တစ်ပုံတစ်ပင် ရင်ဆိုင်ရတော့သည်။ ကလေးငယ် အချင်းချင်း ဆော့ကစားကြလျှင်လည်း နှုတ်ခမ်းကွဲတာကိုပင် ပုံကြီးချဲ့၍ စကြနောက်ကြသည်။ နောက်ပြောင်ကြရင်း စိတ်ဆိုးကြ၍ မကြာခဏ ရန်ဖြစ်ကြသည်။ မိမိ နှုတ်ခမ်းကွဲကို သူများကစိုက်ကြည့်လျှင် ရှက်ကိုးရှက်ကန်းဖြစ်၍ မျက်နှာငုံ့သွားတတ်သော အကျင့်ပင် ဖြစ်နေလေပြီ။ ကြာလာတော့ စိတ်ဓာတ်ကျ၍ အိမ်တွင်းပုန်းနေချင် တော့သည်။ ကျောင်းနေအရွယ်ရောက်၍ မိဘများက ကျောင်းလွှတ် လျှင်လည်း ကျောင်းသွားချင်စိတ်မရှိ။ ကိုယ့်ကိုယ်ကို အလွန်သိမ်ငယ် စိတ်ဝင်ပြီး အိမ်ပြင်မထွက်ချင်၊ လူတောမတိုးဝံ့သော စိတ်ကျရောဂါ ခံစားရပေမည်။ ယခုကဲ့သို့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနေရှာသော ကလေးငယ်များ၏ ဒုက္ခကို ကူညီပေးနိုင်သူများပေါ်လာလျှင် မည်မျှ ကောင်းပါလိမ့်မည်နည်း။

ထိုကလေးများနှင့် မိဘများ၏ဆန္ဒများ မကြာမီက ပြည့်ဝခဲ့ ပေတော့သည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် ထိုကလေး တွေကို ကုသပြုပြင်ပေးရန် အလွန် ဆန္ဒပြင်းပြခဲ့သည်။ ရန်ပုံငွေကို ရှာဖွေ၍ မဖြစ်မနေ အကောင်အထည်ဖော်ရန် ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကို တိုက်တွန်း၍လိုအပ်သည် များ ကူညီပံ့ပိုးပေးခဲ့သည်။ ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးက ဦးဆောင်လှုပ်ရှား ခဲ့သည်။ မန္တလေးဆေးရုံအုပ်ကြီးထံ အကူအညီတောင်းခံ၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မျက်နှာနှင့်မေးရိုး အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နုနုရီ ဦးဆောင်သောအဖွဲ့ကို ဖိတ်ခေါ်ခဲ့သည်။ အဆိုပါ အဖွဲ့က

> **ခွဲပေးရမည့် ကလေးက ၁၂၁ဦး၊ အချိန်က သုံးရက်ခွဲသာရသည်မို့ တစ်နေ့ကို လူနာ ၃၅ဦးခန့် ခွဲမှ အလုပ်ပြီးနိုင်မည်။ နှုတ်ခမ်းကွဲလူနာအား ခွဲစိတ်လျှင် သိပ်မကြာလှ။ နာရီဝက်နှင့် တစ်နာရီကြားတွင် တစ်ယောက်ခွဲပြီးနိုင်သည်။ အာခေါင်ကွဲလူနာမှာ ခွဲရတာခက်ခဲသည်။ တစ်ယောက်ခွဲလျှင် နှစ်နာရီမှ သုံးနာရီကြား ကြာတတ်သည်။ သို့အတွက် အလုပ်ပြီးအောင် နံနက် ၇ နာရီခွဲမှ ည ၁၀ နာရီထိ ဇွဲကောင်းကောင်းဖြင့် ခွဲကြသည်။**

တောင်ကြီးသို့ လာရောက်ခွဲစိတ်ရမည်ဆို၍ အင်အားတောင့်တင်း သောအဖွဲ့ ဖွဲ့စည်းပြီး ခွဲစိတ်ပစ္စည်းများ သယ်ဆောင်ကာ အရောက် လှမ်းခဲ့တော့သည်။ ခွဲစိတ်အထူးကု ဆရာဝန်သုံးဦး၊ မေ့ဆေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်ညွှန့် ဦးဆောင်သော မေ့ဆေး ဆရာဝန်သုံးဦး၊ သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦး၊ ခွဲစိတ်ခန်းအကူ ဆရာမများအဖွဲ့က ခြောက်ဦး စုစုပေါင်း ၁၃ဦးဖွဲ့စည်း၍ လာရောက် ကူညီပါတော့သည်။ ယခုအဖွဲ့၏ အတွေ့အကြုံကား များလှပြီ။ မြန်မာပြည်အထက်ပိုင်း မြို့ကြီးများဖြစ်သော တောင်ကြီး၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနားမြို့ကြီးများသို့ နှစ်စဉ်နယ်ဆင်း၍ စုစုပေါင်း လူနာပေါင်း ၃၀၀၀ကျော် ခွဲစိတ်ပြီးခဲ့ကြပြီ။ နိုင်ငံခြားမှ လာသော ဆရာဝန်အဖွဲ့များပင် ဤအဖွဲ့လောက် အတွေ့အကြုံ မရှိလှပေ။ ဤအဖွဲ့နှင့်အတူ ပူးတွဲခွဲစိတ် ကြသောအခါ နိုင်ငံခြားသားများပင် အံ့သြသွားရသည်။ တောင်ကြီးမှာ လာခွဲရမည်ဆို၍ မတ်လ ၅ရက်နေ့တွင် စိတ်အားတက်ကြွစွာ ရောက်ရှိ လာခဲ့ကြသည်။

ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ခရိုင်နှင့် မြို့နယ်များရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ များထံ အကူအညီတောင်း၍ ဝေဒနာရှင်များကို ရှာဖွေပို့လွှတ်စေသည်။ ကယားပြည်နယ်သို့ တိုင်းမှူး ကွင်းဆင်းစဉ်ကလည်း လူနာ၁၈ဦး ရှာဖွေစုဆောင်း၍ ပို့လွှတ်ခဲ့သည်။ ခွဲစိတ်ရန် လူနာစုစုပေါင်းမှာ ၁၂၁ဦး ဖြစ်လာသည်။ ယခုလူနာများထဲတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နယ်သို့သွားရောက်စဉ်က ခေါ်ဆောင် လာသည့် မီးလောင်၍ ခြေပူး၊ လက်ပူးဖြစ်နေသော ကလေးရှစ်ဦးလည်း အပါအဝင်ဖြစ်သည်။ မိန်းကလေးတစ်ဦးမှာ လေးနှစ်သမီးအရွယ်တွင် စကတ်မီးလောင်၍ ဒူးနှစ်ဖက်စလုံး ကပ်သွားပြီး လမ်းလျှောက် မရအောင် ဒုက္ခိတဘဝ ရောက်နေရာမှ အရိုးအကြောအဆစ် အထူးကု ဆရာဝန်ကြီးက ခွဲစိတ်ပေးလိုက်၍ အားလုံးအဆင်ပြေသွားခဲ့သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံသို့ ရောက်ရှိ လာသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။

မန္တလေးမှ လာရောက်သော ခွဲစိတ်အဖွဲ့က မန္တလေးရှိ အလုပ် များကို ခဏထားခဲ့ပြီး အပြေးအလွှားလာခဲ့ရသည်မို့ ခွဲစိတ်ရက်သိပ် အချိန်မပေးနိုင်။ ထို့ကြောင့် အချိန်ပိုဆင်းပြီး ခွဲပေးခဲ့သည်။ ခွဲပေးရမည့် ကလေးက ၁၂၁ဦး၊ အချိန်က သုံးရက်ခွဲသာရသည်မို့ တစ်နေ့ကို လူနာ ၃၅ ဦးခန့်ခွဲမှ အလုပ်ပြီးနိုင်မည်။ နှုတ်ခမ်းကွဲလူနာအား ခွဲစိတ်လျှင် သိပ်မကြာလှ။ နာရီဝက်နှင့် တစ်နာရီကြားတွင် တစ်ယောက်ခွဲပြီးနိုင် သည်။ အာခေါင်ကွဲလူနာမှာ ခွဲရတာခက်ခဲသည်။ တစ်ယောက်ခွဲလျှင် နှစ်နာရီမှ သုံးနာရီကြား ကြာတတ်သည်။ သို့အတွက် အလုပ်ပြီးအောင် နံနက်၇နာရီခွဲမှ ည၁၀နာရီထိ ဇွဲကောင်းကောင်းဖြင့် ခွဲကြသည်။ နေ့လယ်စာ ထမင်းကို မိနစ်၂၀လောက်သာ ခဏထွက်စားပြီး ပြန်ခွဲကြသည်။ ညစာထမင်းကိုတော့ ည၁၀နာရီ အလုပ်သိမ်းမှ စားခဲ့ကြသည်။ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီးနှင့် ဆေးရုံအုပ်ကြီးတို့သည်လည်း တစ်နေ့တာ ရည်မှန်းချက် ပြီးမြောက်စေရန် ဝင်ရောက်ကူညီ ခွဲစိတ် ကြသည်။ လုပ်အားဒါန ပြုခွင့်ရသည့်အတွက် ပျော်ရွှင်ကြည်နူးခဲ့ကြ သည်။

မွေးစကလေးငယ်တစ်ယောက်ကား ကံထူးလှပေသည်။ ခြင်းလုံး အရွယ်ခန့် မွေးရာပါ မြင်းဖုကြီး မြီးညောင်းရိုးနားမှာ ပါလာသည်။ ကလေးက ရှစ်ရက်သားသာ ရှိသေးသည်။ ညှော်သည်ခွဲစိတ်အဖွဲ့တွင် ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးတစ်ဦးနှင့် ကလေးမေ့ဆေး အထူးကုဆရာဝန်ကြီးတစ်ဦးပါဝင်ရာ ဆရာဝန်ကြီးနှစ်ယောက်က တောင်ကြီးဆေးရုံမှာပင် ခက်ခက်ခဲခဲ ခွဲစိတ်ပေးလိုက်နိုင်သည်။ ကလေး မိဘများအတွက် ကုသိုလ်ထူးလှပေစွ။

ကလေးတစ်ယောက်မှာတော့ အရေပြားမီးလောင်၍ ခေါင်းမော့ ၍မရ၊ မေးစေ့နှင့် လည်ပင်းရှေ့အရေပြားတို့ ထိကပ်နေသည်။ ထိုကလေးကို သုံးနာရီတိတိ အရေပြားအစားထိုး၍ ခွဲစိတ်ပေးလိုက်နိုင်သည်။ ထိုကလေးကတော့ လူတောတိုး၍ရသွားပေပြီ။ လာရောက်ခွဲစိတ်ကြသော လူနာများကို ငွေကြေးကုန်ကျမှု မရှိစေရန် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အစအဆုံး တာဝန်ယူ ဆောင်ရွက် ပေးသည်။ စေတနာရှင်များကို ရှာဖွေကြသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသော ငွေကျပ်၁၀သိန်း အပါအဝင် တောင်ကြီးမြို့မှ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ ကုမ္ပဏီများ နှင့် ဆေးရုံများမှ အလှူရှင် ၂၅ဦးတို့က စုစုပေါင်းအလှူငွေ ကျပ်သိန်း ၈၀ လှူဒါန်းကြသည်။ သို့ဖြစ်၍ အစစအရာရာ အဆင်ပြေသွား သည်။

လူနာနှင့် လူနာစောင့်များအတွက် ထမင်းဟင်းများကို ဆေးရုံကြီး စားဖိုဆောင်မှ ချက်ပြုတ်ကျွေးမွေးသည်။ လူနာတစ်ရာကျော်အတွက် နံနက်စာ၊ ညစာများကို အသားဟင်းဖြင့် အလျဉ်မီအောင် ချက်ရသည့် အလုပ်က မလွယ်လှသော်လည်း မီးဖိုထဲတွင် ချွေးတလုံးလုံးဖြင့် ဝိုင်းဝန်းချက်ပြုတ်ခဲ့ကြသည်။ ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နေ့စဉ်လာရောက် ၍ လူနာများကို အားပေးသည်။ ဝေဒနာရှင် ၁၂၁ဦးအတွက် အဝတ်အစား နှင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ဖြင့် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ကို လာရောက်လှူဒါန်းကြသည်။ အချိုရည်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ မုန့်များနှင့် ရေခဲမုန့်များပါ လာရောက်ကျွေးမွေးခဲ့ကြသည်။

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူးနှင့်အဖွဲ့၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်မိခင် နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာ စိုင်းခမ်းလှိုင်တို့လည်း နေ့စဉ်လာရောက်၍ လိုအပ်သည်များကို ဖြည့် ဆည်းပေးသည်။ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့ကြပါသည်။

ထိုဝေဒနာရှင်များကား ကုသိုလ်ထူးလှပေသည်။ **အချို့မှာ ငွေ ကြေးချို့တဲ့၍ မခွဲနိုင်ကြသူများပါသကဲ့သို့ အချို့မှာတော့ တောမှာ နေပြီး ဗဟုသုတမရှိ၍ မည်ကဲ့သို့ ဆက်သွယ်ပြီး ခွဲရမှန်းမသိ၍ မခွဲကြရသေးသူများလည်း ရှိကြသည်။ ယခုတော့ သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့မှ ဆေးရုံသို့ စရိတ်ငြိမ်း လိုက်လံပို့ ပေး၍ ခွဲစိတ်ခွင့်ရခဲ့ကြပြီ။**

သက်ဆိုင်ရာလူကြီးများက ဝေဒနာရှင်များကို လှည့်လည်အားပေး စောင့်ရှောက်စဉ် ကလေးမိဘတစ်ဦး၏ အရိုးခံပြောလိုက်သော စကားက အလွန်အမှတ်ရစရာ ကောင်းလှသည်။ တိုင်းရင်းသားဖြစ်၍ မြန်မာစကား မတတ်တတတ်ဖြင့် **‘သိပ်ကျေးဇူးတင်တယ်နော့၊ ဘယ်လိုပြောရမှန်း မသိဘူး၊ ရင်ထဲမှာ နာနေတာပဲ’**ဟု ပြော၏။ ဝမ်းသာလွန်း၍ ရင်ထဲမှာ ဆို့နစ်နေအောင် ခံစားနေရသည်ဟု ဆိုလိုခြင်းဖြစ် ပေမည်။ သူပြောတတ် သည့် ဗမာစကားဖြင့် ပြောလိုက်ပုံရသည်။

တိုင်းမှူး၏ဇနီးက‘သမီး ဘာလို့ငိုနေတာလဲ ’ဟု ကလေး တစ်ဦးကို မေးကြည့်သောအခါ ကလေးအမေက‘နှုတ်ခမ်းနီပူဆာတာကို ဝယ်မပေးသေးလို့ ငိုနေတာ’ဟုဖြေသည်။ သူလည်း နှုတ်ခမ်းနီဆိုးနိုင်တဲ့ အခြေအနေ ရောက်လို့ သူ့အနှစ်နှစ် အလလက ဆိုးချင်နေသည့် နှုတ်ခမ်းနီကလေးကို ဆိုးခွင့်ရပေတော့မည်။ ချုပ်ရိုးမဖြေမီကပင် ကြိုတင်ပူဆာနေပေသည်။ မြင်ရသူအားလုံး စိတ်ချမ်းမြေ့စရာ ကောင်းလှ ပေသည်။ ရှစ်နှစ်အရွယ် ကလေးမကလေးကို ‘သမီးဘယ်နှတန်း ရောက်ပြီလဲ’ဟု မေးသောအခါ ကလေးအမေက ‘နှုတ်ခမ်းကွဲကြောင့် ကျောင်းပို့လို့မရဘူး။ အခုဆေးရုံကဆင်းမှ ကျောင်းကို သွားတော့မယ်တဲ့’ ကြားရသူအပေါင်း မျက်ရည်စို့အောင် ပီတိဖြစ်မိပေမည်။ ရှက်တတ်တဲ့ သူ့ခမျာ အခုမှပဲ တခြားကလေးများနည်းတူ ခေါင်းမော့၍ ကျောင်း သွားခွင့်ရပေတော့မည်။ ခွဲစိတ်သည့်အဖွဲ့အား နှုတ်ဆက် ဂုဏ်ပြု ညစာစားပွဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင်၏ ကျေးဇူးတင်စကား အဆုံးပိုဒ် ကလေးကို သတိပြု အမှတ်ထင်ထင် ရှိလှ၏။ **‘အခုလို ခွဲစိတ်မှုကြီး ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသူများကို ဝေဒနာရှင်များက မှန်ကိုကြည့်မိတိုင်း တစ်သက်လုံး ကျေးဇူးတင်ဝမ်းမြောက် နေကြမှာ အမှန်ပါပဲ’** ဟူ၍ ထည့်သွင်းပြောကြားခဲ့၍ပင်ဖြစ်သည်။ စီစဉ် ကူညီ ပေးသူများဘက်ကလည်း ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ခံစား နေရသော ကလေးများ၏ ဒုက္ခအပေါင်းကို ကယ်တင်လိုက်နိုင်၍ ကြည်နူးပီတိဖြစ်မိရင်း ရှမ်းတောင်မြေတွင် အပြုံးပန်းတွေ လှိုင်ဝေနေခဲ့ တော့သည်။ ။

> **လာရောက်ခွဲစိတ်ကြသော လူနာများကို ငွေကြေးကုန်ကျမှု မရှိစေရန် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အစအဆုံး တာဝန်ယူ ဆောင်ရွက်ပေးသည်။ စေတနာရှင်များကို ရှာဖွေကြသည်။ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသော ငွေကျပ်၁၀သိန်း အပါအဝင် တောင်ကြီးမြို့မှ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ ကုမ္ပဏီများ နှင့် ဆေးရုံများမှ အလှူရှင် ၂၅ဦးတို့က စုစုပေါင်းအလှူငွေ ကျပ်သိန်း ၈၀ လှူဒါန်းကြသည်။ သို့ဖြစ်၍ အစစအရာရာ အဆင်ပြေသွားသည်။**

စင်ကာပူနိုင်ငံရှိ ရေနံချက်စက်ရုံတစ်ရုံကို ဇွန် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုးခေါင်မှုနှင့် တောမီးလောင်ကျွမ်းမှု သက်သာစေရေး မိုးတုရွာသွန်းသည့်နည်းလမ်း တရုတ်ကျင့်သုံး

ကျီနန် ဇွန် ၅

တရုတ်နိုင်ငံသည် မိုးခေါင်မှုများနှင့် တောမီးလောင်ကျွမ်းမှု ဘေးဒုက္ခများမှ လျော့ပါးသက်သာစေရန် မိုးတုရွာသွန်းစေသည့် နည်းလမ်းဖြင့် လုပ်ဆောင်သည့် ကမ္ဘာ့နိုင်ငံများအနက် ထိပ်တန်းနိုင်ငံဖြစ်ကြောင်း အမျိုးသားမိုးလေဝသဗျူရိုက တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံတွင် မိုးတုရွာသွန်းရေးအဖွဲ့များက မိုးတုရွာသွန်းစေရန် လိုအပ်သည့် အခါတိုင်းတွင် မိုးတိမ်တိုက်များဖြစ်ပေါ်စေရန် ဓာတုဗေဒပစ္စည်းများကို ရော့ကက်ဒုံးကျည်များ၊ အမြောက်လက်နက်ကြီးများနှင့် လေယာဉ်များ အသုံးပြု၍ ဝေဟင်အတွင်း ကြဲပက်ပေးကြောင်း မိုးလေဝသဗျူရိုအောက်ရှိ မိုးလေဝသခန့်မှန်းရေးနှင့် သဘာဝဘေးအန္တရာယ်ခံစားရမှု လျော့ပါးသက်သာစေရေးဌာန တာဝန်ရှိတစ်ဦးက ပြောကြားသည်။

ဆောင်ရွက်ပေး

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံ၏ ဒုတိယ အရှည်လျားဆုံးမြစ်ဖြစ်သော မြစ်ဝါမြစ်၌ ရေပြည့်လာစေရန် မိုးတုရွာသွန်းသည့် နည်းလမ်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဖြစ်သော ကာလအတွင်း တရုတ်နိုင်ငံနယ်မြေ၏ သုံးပုံတစ်ပုံခန့် ဖြစ်သည့် စတုရန်းကီလိုမီတာ သုံးသန်းကျော်တွင် ရေကုဗမီတာ ဘီလီယံ ၂၁၀ ရွာသွန်းစေရန် လေယာဉ်များ အသုံးပြု၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားတောင်ပိုင်း၌ ရထားနှင့်ဘတ်စ်ကားတိုက်

မော်စကို ဇွန် ၅

ရုရှားနိုင်ငံတောင်ပိုင်း၌ ခရီးသည်တင် မီးရထားတစ်စင်းက ဘတ်စ်ကားတစ်စီးကို ဝင်တိုက်မိရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

မော်စကိုမြို့၏တောင်ဘက် ကီလိုမီတာ ၇၀၀ ခန့်နီးပါးအကွာရှိ ဗိုရိုနက်ဇ်ဒေသတွင် မီးရထားက ဘတ်စ်ကားကို ဝင်တိုက်မိကြောင်း အီတာတာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၅၀ ခန့် လိုက်ပါလာကြောင်း အာအိုင်အေ သတင်းဌာနက ဖော်ပြသည်။

မီးရထားနှင့် ဘတ်စ်ကားတိုက်မှု ဖြစ်ပွားရခြင်း အကြောင်းကို သတင်းဌာနများက ဖော်ပြခြင်း မရှိပေ။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့၏ အမြောက်ကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အီရတ်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၅

အီရတ်နိုင်ငံရှိ မြို့ငယ်တစ်မြို့တွင် အမေရိကန်တပ်ဖွဲ့က ပစ်ခတ်လိုက်သော အမြောက်ကျည်ဆန်များ ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦး ပွဲချင်းပြီး သေဆုံးရကြောင်း၊ အမြောက်ကျည် ထိမှန်ခံခဲ့ရမှုကြောင့် ဒဏ်ရာရရှိသော အမျိုးသမီးတစ်ဦးမှာလည်း နောက်ပိုင်းတွင် သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက် မြောက်ဘက်ရှိ ဟီဘစ်မြို့တွင် အမြောက်ကျည်များ ကျရောက်ပေါက်ကွဲမှု ဖြစ်စဉ်အတွင်း အခြားအရပ်သား သုံးဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

သေဆုံး

အမေရိကန် အမြောက်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သောကြာနေ့က ၁၅၅-မမ အမြောက်များဖြင့် လေ့ကျင့်ပစ်ခတ်မှုပြုလုပ်ခဲ့ရာတွင် အရပ်သားများ ထိမှန်ခံရမှုရှိကြောင်း၊ ဒီရာလာပြည်နယ်တွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ရာတွင် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း အမေရိကန်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ပါတတ်ဒေသ၌ ငလျင်ဒုက္ခသည်များအား ဂျပန်တပ်ဖွဲ့က ဆေးဝါးကုသပေးနေသည်ကို ဇွန် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ထိုင်းနိုင်ငံ တောင်ပိုင်းအထိ ရေလွှမ်းမိုးမှု ကျယ်ပြန့်လာနေ

ဗန်ကောက် ဇွန် ၅

ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ နိုင်ငံတောင်ပိုင်းတွင်ပါ ရေလွှမ်းမိုးမှုများ ဖြစ်ပွားလာကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် ကျေးလက်ဒေသရှိ နေအိမ်များနှင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်ခံရကြောင်း ထိုင်းသတင်းအေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ဖိုဖရာသက်ခရိုင်တွင် ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ကို အဆိုးရွားဆုံး ခံစားရကြောင်း သတင်းတွင် ဆက်လက်ရေးသားထားသည်။

စပါးခင်းများ ရေနစ်မြုပ်နေခြင်းကြောင့် စိုက်ခင်းများ မပျက်စီးစေရန် လယ်သမားများက လယ်ကွင်းများရှိ ရေများကို ရေစုပ်စက်ဖြင့် စုပ်ထုတ်လျက်ရှိကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရေနစ်မြုပ်

ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ ယွမ်မြစ်တွင် မြစ်ရေတိုးလာနေကြောင်း၊ ယွမ်မြစ်သည် တနင်္ဂနွေနေ့က တစ်နာရီလျှင် ငါးစင်တီမီတာနှုန်းဖြင့် မြစ်ရေတိုးနေကြောင်း၊ ကျေးရွာများရှိ နေအိမ်ရာပေါင်းများစွာနှင့် စိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိကြောင်း၊ ဖီကျစ်ပြည်နယ် မြောက်ပိုင်းရှိ ဆန်စပါး စိုက်ခင်းများ၊ ပြောင်းခင်းများနှင့် အခြားကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ခံစားရ

ယွမ်မြစ်မှ လျှင်မြန်စွာ စီးဆင်းလာသော မြစ်ရေနှင့် ကမ်ဖရန်းဖက်ပြည်နယ်ရှိ ရေနစ်မြုပ်နေသော ဒေသများမှ စီးဆင်းလာသော ရေတို့ကြောင့် နိုင်ငံတောင်ပိုင်း မြေအနိမ့်ပိုင်းရှိ

နိုင်ငံတကာသတင်းများ

ထိုင်းနိုင်ငံမြောက်ပိုင်း ဆူခိုထိုင်းပြည်နယ်၌ ရေကြီးနေသည်ကို ဇွန် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူနီးရှားတောင်ပိုင်းတွင် အုတ်တံတိုင်းပြိုကျ၍ ရှစ်ဦးသေဆုံး

တူးနစ် ဇွန် ၅

တူနီးရှားနိုင်ငံ တောင်ပိုင်း ဂါဘက်စ်မြို့ရှိ လူစည်ကားသော ဈေးတစ်ဈေးအနီးတွင် တနင်္ဂနွေနေ့က အုတ်တံတိုင်းနံရံပြိုကျမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သော တီအေပီက ထုတ်ပြန်ကြေညာသည်။

သေဆုံးသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးငါးဦးတို့အနက် တစ်ဦးမှာ မကြာမီ ထိမ်းမြားလက်ထပ်မည့်သူဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှား သူနာပြု ကြက်ငှက်တုပ်ကွေး လက္ခဏာတွေ့ရှိ

ဂျကာတာ ဇွန် ၅

အသက် ၂၅ နှစ်အရွယ်ရှိ သူနာပြုတစ်ဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာမျိုးဖြစ်ပွားနေသဖြင့် အင်ဒိုနီးရှားနိုင်ငံ အနောက် ဂျဗားပြည်နယ် ဘန်ဒေါင်းမြို့ ဟာဆန်ဆာဒီကင် ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။

သူမကို ဇွန် ၁ ရက် ညနေပိုင်းတွင် ဆေးရုံသို့ တင်ထားကြောင်း အန်တာရာ သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြသည်။

ဆေးရုံသို့ တင်လိုက်သောညတွင် သူမ၏ ကိုယ်အပူချိန်သည် ၃၉ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်အထိ အပူချိန်မြင့်မားကြောင်း၊ သို့သော် ကိုယ်အပူချိန်သည် ၃၇ ဒီဂရီ ဆဲလ်စီးယပ်အထိ တဖြည်းဖြည်း လျော့ကျသွားကြောင်း အဆိုပါဆေးရုံ၏ ကြက်ငှက်တုပ်ကွေး ကုသရေးဌာန အကြီးအကဲ ဟာဒီဂျူဆက်ဖ်၏ ပြောကြားချက်ကို ကိုးကား၍ ဇွန် ၂ ရက် သတင်း၌ ဖော်ပြထားသည်။

၎င်း၏ သွေးနမူနာကို ဂျကာတာမြို့ ကျန်းမာရေးနှင့် သုတေသနဌာန ဓာတ်ခွဲခန်းတွင် စမ်းသပ်ရန် အဆိုပါဆေးရုံက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အယ်လ်ဘေးနီးယား၌ မီးလောင်မှုဖြစ်ပွား

တီရားနား ဇွန် ၄

အယ်လ်ဘေးနီးယားနိုင်ငံတောင်ပိုင်း ဘီရတ်မြို့၌ သောကြာနေ့တွင် မီးလောင်မှုဖြစ်ပွားခြင်းကြောင့် စာကြည့်တိုက်တစ်လုံး မီးထဲပါသွားရာ ထောင်ပေါင်းများစွာရှိသည့် ရှေးဟောင်းမှတ်တမ်းမှတ်ရာများနှင့် ရှားပါးစာအုပ်များ ပျက်စီးဆုံးရှုံးသွားကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

လျှပ်စစ်ချို့ယွင်းမှုကြောင့် မီးလောင်မှုဖြစ်ပွားရသည်ဟု ပဏာမ စုံစမ်းစစ်ဆေးရေးအဖွဲ့ကတင်ပြထားသည်။ အဆိုပါ မီးကို တစ်နာရီခွဲကြာမျှ ငြိမ်းသတ်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ မဒမ်တူးဆော့ ဖယောင်းရုပ်တုပြတိုက်တွင် ပြသထားသော ကွန်ဖူးမင်းသား ဘရုစ်လီ၏ ရုပ်တုကို ဇွန် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တွင် ဆရာဝန်များစွာ လိုအပ် ပြည်သူ့ကျန်းမာရေး ဆောင်ရွက်မှုစနစ် ထိခိုက်

လော့စ်အိန်ဂျလိစ် ဇွန် ၅

အမေရိကန်နိုင်ငံတွင်ဆရာဝန်များလိုအပ်ချက်ကြီးထွားလျက်ရှိရာ နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် ပြဿနာများရှိနေကြောင်း လော့စ်အိန်ဂျလိစ် သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

ကာလီဖိုးနီးယားပြည်နယ်အပါအဝင် ပြည်နယ် ၁၂ ပြည်နယ်တွင် ဆရာဝန် လိုအပ်ချက်ဖြစ်ပေါ်နေကြောင်း၊ နိုင်ငံတစ်ဝန်းတွင် နှလုံးရောဂါကုဆရာဝန်များ၊ ရေဒီယိုရောင်ခြည်ကုထုံးဆိုင်ရာပညာရှင်များ၊ ကလေးအထူးကုဆရာဝန်များနှင့် ခွဲစိတ်ခန်းနှင့်ဆက်နွှယ်နေသော ဆရာဝန်များလိုအပ်လျက်ရှိကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

ဆရာဝန်များ နည်းပါးနေသည့်အခြေအနေကြောင့် အမျိုးသား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပြဿနာများ ဖြစ်နေရကြောင်း၊ ကုသမှုဆိုင်ရာ အရည်အသွေးကျဆင်းခြင်းနှင့် ကျန်းမာရေး စရိတ်စကကြီးလေးခြင်း စသည့်ပြဿနာများကိုတိုးပွားစေကြောင်းသတင်းစာက သတိပေးဖော်ပြသည်။

အမေရိကန်နိုင်ငံတွင် အိုမင်းသူဦးရေ များပြားလာခြင်းကြောင့် ဆရာဝန်များကို ပိုမိုလိုအပ်လာသော်လည်း လိုအပ်သည့်အရေအတွက်ရှိ ဆရာဝန်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း၊ ဆရာဝန်ဦးရေ နည်းပါးခြင်းကြောင့် လူနာများသည် ဆရာဝန်နှင့် တွေ့ဆုံခွင့်ရရှိရန် အချိန်များစွာကြာအောင် စောင့်ဆိုင်းရသဖြင့် ထိထိရောက်ရောက် ကုသမှုခံယူနိုင်မှု မရှိသည့်ပြဿနာနှင့် ကုန်ကျစရိတ်ကြီးလေးသည့် ပြဿနာတို့ကို တွေ့ကြုံရကြောင်း သတင်းစာတွင် ဆက်လက်ရေးသားထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

တရုတ်-ကာဇက်စတန် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်

အူရမ်ကွီ ဇွန် ၅

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စင်းကျန် ဥဂါဒေသရှိ ကော်ဂတ်စ်အရပ်၌ ကာဇက်စတန်နိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဇုန်ကို တရုတ်နိုင်ငံဘက်တွင် ဇွန် ၃ရက်၌ စတင်တည်ဆောက်လျက်ရှိသည်ဟု သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

နှစ်နိုင်ငံကြား နယ်စပ်ဖြတ်သန်း၍ ရေနံပိုက်လိုင်းများ တည်ဆောက်ပြီးနောက် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအသစ်အဖြစ် တရုတ်-ကာဇက်စတန် အပြည်ပြည်ဆိုင်ရာ နယ်စပ် ကုန်သွယ်ရေး ဗဟိုဌာနကို တည်ထောင်မည်ဖြစ်ကြောင်း ကာဇက်စက်မှုနှင့် ကုန်သွယ်ရေးဌာနဝန်ကြီး ဗလာဒီမာရှကိုလ်နင်ခ်က ပြောကြားသည်။

နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်ကျော်ရေး ဗဟိုဌာနက ထောက်ကူမှု ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ ဗဟိုဌာနတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်း ယွမ် ၈ ဘီလီယံမှ ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဘီလီယံမှ ၁ ဒသမ ၂၅ ဘီလီယံ)ရှိမည်ဖြစ်ကြောင်း၊ ငါးနှစ်မှ ခုနစ်နှစ်တာ ကာလအတွင်း၌ ထိုဌာနကို ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားကြောင်းစီမံရေးရာဌာန ညွှန်ကြားရေးမှူး လင်ဇင်ယင်က ပြောကြားသည်။

ကာဇက်စတန်နိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ရေးဇုန် တည်ဆောက်ရန် မြေနေရာအကျယ်အဝန်းမှာ ၁ ဒသမ ၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး တရုတ်နိုင်ငံတွင် ၃ ဒသမ ၄၃ စတုရန်းကီလိုမီတာကျယ်ဝန်းကြောင်း၊ တရုတ်နိုင်ငံဘက်တွင် ထပ်မံ၍ ၉ ဒသမ ၇၃ စတုရန်းကီလိုမီတာ အကျယ် မြေနေရာကို အရန်ထားရှိထားမည်ဖြစ်ကြောင်း ဖော်ပြသည်။ ကာဇက်စတန်နိုင်ငံတွင် ကုန်သွယ်ရေးဇုန်ကို မတ်လတွင် စတင်ဆောက် လုပ်လျက်ရှိသည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျာမနီနိုင်ငံ ဂူတာစလော့မြို့ လေ့ကျင့်ရေးကွင်းတွင် ဝါသနာရှင် ပရိသတ်တစ်ဦး၏ ဘောလုံးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပေးနေသော ပေါ်တူဂီဘောလုံးသမား လူးဝစ်ဖီဂိုအား ဇွန် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ စန်တီယာဂိုမြို့တွင် ဇွန် ၄ ရက်က ကျင်းပသော ရော့အင်န်ရိုး မာရသွန်အပြေးပြိုင်ပွဲ မကျင်းပမီ အဆိုတော် အဲဗစ်ပရက်စလေကဲ့သို့ ဝတ်စားဆင်ယင်ကာ ပါဝင်ယှဉ်ပြိုင် မည့်သူများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်စက်ရုံများ ကုန်ဝယ်အမှာစာများ ကျဆင်း

ဝါရှင်တန် ဇွန် ၅

အမေရိကန်နိုင်ငံ၌ စက်ရုံထုတ်ပစ္စည်း ကုန်ဝယ်အမှာစာများ ကျဆင်းလျက်ရှိကြောင်း၊ ဇန်နဝါရီလတွင် ကုန်အမှာစာများ ၂ ဒသမ ၇ ရာခိုင်နှုန်း စတင်ကျဆင်းခဲ့ပြီး ဧပြီလတွင် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဌာနက သောကြာနေ့တွင် ဖော်ပြသည်။ ထုတ်ကုန်ပစ္စည်းဝယ်လိုအားသည် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံ လျော့ကျသွားပြီး အမေရိကန် ဒေါ်လာ ၃၉၇ ဒသမ ၉၈ ဘီလီယံသာရရှိခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်စက်ရုံထုတ် ကြာရှည်ခံကုန်ပစ္စည်းများအတွက် အမှာစာသည် ဇန်နဝါရီလမှစ၍ စတင်ကျဆင်းခဲ့ပြီး ဧပြီလတွင် ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သယ်ယူပို့ဆောင်ရေးထုတ်ကုန်ပစ္စည်းအမှာစာမှာလည်း စုစုပေါင်း ၁၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗင်နီဇွဲလား၌ မူပိုင်ခွင့် ငြိစွန်းသည့်ပစ္စည်းများ ရောင်းချ

ကာရာကတ်စ် ဇွန် ၅

မူပိုင်ခွင့်ငြိစွန်းသည့် ရုပ်ရှင်ကားများနှင့် တရားမဝင် တင်သွင်းလာသည့် အခြားပစ္စည်းများကို ရောင်းချလျက်ရှိသည့် သာမန်ဈေးသည်များမှာ ဗင်နီဇွဲလားနိုင်ငံတွင် တစ်စတစ်စ ကျယ်ပြန့်လာသည့် တရားမဝင်ကုန်သွယ်မှု၏ တစ်စိတ်တစ်ဒေသဖြစ်လာကြောင်း တနင်္ဂနွေနေ့ရိုက်တာ သတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကတ်စ်မြို့လယ်တွင် ဝင်္ကပါဈေးဟု အမည်တွင်သည့် မူပိုင်ခွင့်ငြိစွန်းသည့်မြို့တည်ရှိသည်။ အဆိုပါမြို့တွင် နောက်ဆုံးပေါ် ဗီဒီယိုဂိမ်းများ၊ ဒီဗွီဒီနှင့် စီဒီများကို ဆိုင်ခန်း ၂၀၀ ဖွင့်ကာ ရောင်းချလျက်ရှိသည်။ ဗင်နီဇွဲလားနိုင်ငံသည် လက်တင်အမေရိကဒေသတွင် မူပိုင်ခွင့် ငြိစွန်းသည့်ပစ္စည်းများ အများဆုံးရောင်းချသည့် ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်လျက်ရှိသည်။

လက်တင်အမေရိကဒေသတစ်ဝန်းတွင် ဉာဏ်ပညာဖြင့် တီထွင်ဖန်တီးထားသောအရာများ မူပိုင်ခွင့် ဥပဒေမှာ ဩဇာသက်ရောက်မှု အားနည်းလျက်ရှိသည်။ အဆိုပါဒေသတွင် မူပိုင်ခွင့် ထိပါးခြင်းကြောင့် အမေရိကန်တစ်နိုင်ငံတည်းမှ စီးပွားရေးလုပ်ငန်းများမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ ဆုံးရှုံးလျက်ရှိကြောင်း ကာလီဖိုးနီးယားပြည်နယ် စတန်းဖို့ဒ်တက္ကသိုလ် ဟူဗားအဖွဲ့အစည်းက ကြေညာသည်။

ဗင်နီဇွဲလားနိုင်ငံသည် မူပိုင်ခွင့်ကာကွယ်သည့် အစီအမံများမရှိကြောင်း နိုင်ငံတကာ ဉာဏ်ပညာဖြင့် တီထွင်ဖန်တီးထားသောအရာများ မူပိုင်ခွင့်အသင်းက ယမန်နှစ်တွင် ထုတ်ဖော် ပြောကြားခဲ့သည်။ မူပိုင်ခွင့် ငြိစွန်းခြင်းကြောင့် ၂၀၀၄ ခုနှစ်တွင် လုပ်ငန်းအမျိုးမျိုး၌ ဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော်ရှိခဲ့ကြောင်း၊ အဓိကအားဖြင့် ဂီတလုပ်ငန်းများဖြစ်ကြောင်း အဆိုပါအသင်းက တွက်ချက်တင်ပြထားသည်။ မူပိုင်ခွင့်ငြိစွန်းခြင်း၏ အကျိုးဆက်အဖြစ် ဗင်နီဇွဲလားနိုင်ငံ၌ တရားဝင် ဂီတလုပ်ငန်းမှာ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။ အလုပ်လက်မဲ့ ၁၀ရာခိုင်နှုန်းကျော်ရှိသည့် ဗင်နီဇွဲလား နိုင်ငံတွင် မူပိုင်ခွင့်ငြိစွန်းသည့် လုပ်ငန်းက ထောင်ပေါင်းများစွာသော ပြည်သူတို့ကို အလုပ်အကိုင်များပေးလျက်ရှိသည်။ ဗင်နီဇွဲလား နိုင်ငံသား၄၀ရာခိုင်နှုန်းကျော်သည် တရားမဝင်သော စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြသည်။

အမ်အင်အေ၊ရိုက်တာ။

တတိယကာလတို ငါးနှစ်စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ စတုတ္ထငါးနှစ်စီမံကိန်းတွင် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးဦးတည်ချက် ထည့်သွင်းချမှတ်ထား တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာဒေသအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကိုပါ သက်ဆိုင်ရာပညာရပ်စွမ်းအားဖြင့် ဖော်ထုတ်မြှင့်တင်

ရန်ကုန် 　　ဇွန် 　　၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ် ကောလိပ်၊ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား စီးပွားရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဤစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးရေး၊ သစ်တော၊ သတ္တု၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတွင်လည်း အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများကို ကာလတို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအားလုံး သိရှိကြပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် အမျိုးသားစီးပွားရေး စီမံကိန်း၏ တတိယကာလတို ငါးနှစ်စီမံကိန်းကာလပြီးဆုံးပြီဖြစ်သည့်အပြင် စီမံကိန်းရည်မှန်းချက်များလည်း ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဤတိုးတက်အောင်မြင်မှုများကို အရှိန်ယူပြီး ၂၀၀၆-၂၀၀၇ ခုနှစ်က စတင်သည့် စတုတ္ထကာလတို ငါးနှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဦးတည်ချက်ချမှတ်ထား

ဤစတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အဓိကဦးတည်ချက်များကို သတ်မှတ်ထားရှိရာတွင်လည်း **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်ထားပြီးဖြစ်ကြောင်း။

ဤဦးတည်ချက်နှင့်အညီ နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများဖြင့် လျော်ညီစွာ မိမိနိုင်ငံတော်အတွင်း သိပ္ပံနှင့် နည်းပညာများ နယ်ပယ်ကဏ္ဍစုံတွင် ထွန်းကားပြန့်ပွားစေရန်၊ အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ၊ စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆေးပညာရှင်များ စသည့် လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးစေရန် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ယင်းအခြေခံကောင်းများကို ထိရောက်စွာအသုံးပြုနိုင်သည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရန်ဆိုသည့် မျှော်မှန်းချက်များဖြင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ယနေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကဲ့သို့ ICT နည်းပညာ ကြီးစိုးသည့် ခေတ်ကာလတွင် မိမိတို့လိုလားသည့် ပညာရပ်များကို Internet Website အသီးသီးက တစ်ဆင့် ကိုယ်တိုင် ထုတ်နုတ်လေ့လာနိုင်နေပြီဖြစ်ပေမည့် ကျောင်းသင်ပညာရေးနှင့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် ပျောက်ပျက် မသွားသည့်အပြင် ကျောင်းသား ကျောင်းသူများ၏ လေ့လာသင်ယူမှုတွင် ဆရာ ဆရာမများ အနေဖြင့် ဦးဆောင်လမ်းပြမှု၊ စီမံဖန်တီးပေးမှု အခန်းကဏ္ဍကပါဝင်ဆောင်ရွက်ပေးရမည့် ပိုမိုအရေးပါသည့်နေရာကို ရောက်ရှိလာသည်ကို တွေ့ရကြောင်း။

တစ်ပြေးညီလိုက်ပါ

ထို့အပြင် ခေတ်ကာလနှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှု၊ ပညာရပ်နယ်ပယ်အသစ်များ တိုးပွားလာမှု၊ ပညာရပ်မျိုးကွဲများ တိုးချဲ့လာမှုစသည့် ပညာရပ်ဆိုင်ရာ တိုးပွားဖြစ်ထွန်းမှုများကို တက္ကသိုလ်၊ ကောလိပ်များနှင့် ဆရာ ဆရာမများက ဦးဆောင်ပြီး တစ်ပြေးညီ လိုက်ပါနေကြရမည့် အခြေအနေကို ရောက်ရှိနေပြီလည်း ဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံထောင့်စုံ နယ်ပယ်ကဏ္ဍစုံတွင် အဘက်ဘက်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး သဟဇာတဖြစ်စွာ ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်လည်း စီမံကိန်းအသွယ်သွယ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာတွင် စက်ရုံအလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ ခေတ်မီလေယာဉ်ကွင်းများ၊ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများအပြင် ခေတ်မီဆေးရုံကြီးများနှင့် နိုင်ငံတကာအဆင့် တက္ကသိုလ်နှင့် ကောလိပ်များကိုလည်း နယ်မြေဒေသအနှံ့အပြား၌ အကွက်ချ တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုလို ပြည်ထောင်စုကြီး တစ်ခွင်လုံးတွင် ဖြန့်ကြက်တည်ထောင်ပေးထားသည့် တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာ နယ်မြေဒေသအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည်သာမက ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကိုပါ သက်ဆိုင်ရာ ပညာရပ်စွမ်းအားဖြင့် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်အတိုင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ဒေသအလိုက်တည်ရှိနေသည့် ဇီဝ၊ ရုက္ခ၊ ဘူမိစသည့် သယံဇာတ အရင်းအမြစ်များနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများ၊ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် အထူးပြုထားသည့် ပညာရပ်များကို မိမိတို့ တက္ကသိုလ် ကောလိပ်အချင်းချင်း ဆက်သွယ်ပေါင်းစပ်ပြီး ပညာမျှဝေကြရန်၊ သုတေသနလုပ်ငန်းများ တီထွင်ကြံဆဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားတက္ကသိုလ်များနှင့် အကျိုးတူ ပူးပေါင်းပြုလုပ်သည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်၊ ရရှိသည့် အကျိုးရလဒ်ကို သက်ဆိုင်ရာဒေသနှင့် နိုင်ငံတော်အတွက် လက်တွေ့အကျိုးဖြစ်ထွန်းစေရအောင် ထိထိရောက်ရောက် အသုံးချသွားကြရန်လည်း တိုက်တွန်း မှာကြားလိုကြောင်း။

အထူးသဖြင့် နယ်ပယ်အသီးသီးတွင် မိမိတို့တက္ကသိုလ်၊ကောလိပ်အချင်းချင်းသာမက နိုင်ငံတကာနှင့်ပါ ဆက်စပ်ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်စေရအောင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက အမြဲမပြတ် ကြံဆတွေးတောအားထုတ်ကြိုးပမ်းဆောင်ရွက်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးသဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများသည် အခြားသော ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍများကို လွှမ်းခြုံရိုက်ခတ်နေသည့် ယနေ့အချိန်အခါကာလတွင် ပညာရေးကဏ္ဍက ဆရာ ဆရာမများ၊ ပညာရှင်များ အနေဖြင့် မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ပိုမိုပြီး တာဝန်ရှိပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာဖြင့် ယှဉ်တွဲရပ်တည်နိုင်စေရေး အတွက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မယ့် အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကိုအခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ။**
- **အမျိုးသားရေး မျှော်မှန်းချက်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်း ဆောင်ရွက်မှုဖြစ်စဉ် အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမ ၇၄၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဝေါမြို့နယ် ဓမ္မမေဒိနီဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငွေပဒေသာပင်စိုက်ထူ၊ ကျောင်းသုံးစာအုပ်လှူဒါန်း

ရန်ကုန် 　ဇွန် 　၆

ဝေါမြို့ အေးချမ်းသာယာတိုးချဲ့ရပ်ကွက်ရှိ ဓမ္မမေဒိနီဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဇွန် ၁ရက်က အလှူငွေပေးအပ်ပွဲကျင်းပရာ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဓမ္မမေဒိနီစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇာနေယျကြွရောက်ချီးမြှင့်တော်မူပြီး အလှူရှင်များဖြစ်ကြသော ဝေါမြို့အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်မြင့်-ဒေါ်ခင်ကြူသင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဟန်ထွန်းအောင်-ဒေါ်ခင်သောင်းမိသားစုက ငွေကျပ်ငါးသောင်း၊ ဦးဌေးအောင်-ဒေါ်မြမြစိုးမိသားစုက ငွေကျပ်ငါးသောင်း၊ ဦးဆောင်းရင်-ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးစိုးမြင့်-ဒေါ်သင်းသင်းမိသားစုက ငွေကျပ်ငါးထောင်တို့ကိုလှူဒါန်းကြပြီးနောက် နယ်စပ်ဒေသအသီးသီးမှ ရောက်ရှိပညာသင်ကြားလျက်ရှိသော တိုင်းရင်းသား သာမဏေ ၅၀ကျော်နှင့် ကျောင်းသားကျောင်းသူ ၂၀၀ကျော်တို့အား ပညာရည်ချွန်ဆုနှင့် ကျောင်းသုံးစာအုပ်များလှူဒါန်းကြသည်။ (က-ပ)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်နှင့်စွမ်းအင်လိုအပ်ချက် ပြည့်မီအောင်အလေးထား ဆောင်ရွက်နေ

အခြေအနေမှန်သိရှိအောင် ကွင်းဆင်းကြည့်ရှု၊ အလေအလွင့်ပပျောက်ရေး၊ အားနည်းချက်များဖြည့်ဆည်းရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ထွက်ခွာကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မန္တလေးတိုင်း လျှပ်စစ်နှင့်စက်သုံးဆီ သုံးစွဲမှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကာ အမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မန္တလေးတိုင်း လျှပ်စစ်နှင့်စက်သုံးဆီ သုံးစွဲမှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့်အဖွဲ့ဝင်များ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ တိုင်းအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စွမ်းအင်အဓိကကျ

ရှေးဦးစွာ လျှပ်စစ်နှင့် စက်သုံးဆီ သုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးကောင်းရန် လျှပ်စစ်ဓာတ်အားနှင့် လောင်စာစွမ်းအင်သည် အဓိကကျကြောင်း၊ ယခုအခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍကို လိုအပ်ချက်ပြည့်မီအောင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအား ယခုအခါ ဝန်ကြီးဌာနနှစ်ခုဖြင့် တိုးချဲ့ဖွဲ့စည်း၍ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်အောင် ဦးဆောင်ကြိုးပမ်းလျက်ရှိပြီး ပကတိအခြေအနေမှန်ကို သိရှိအောင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လက်ရှိအနေအထား၌ အလေအလွင့် ပပျောက်ရေး၊ အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ရေးတို့ကို အဓိက ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။

အစီအမံများချမှတ်

မန္တလေးတိုင်းသည် နိုင်ငံတော်၏ အဓိကကျသော တိုင်းကြီးဖြစ်သည်နှင့်အညီ လက်ရှိရရှိနေသော လျှပ်စစ်ဓာတ်အားများ လေလွင့်ပျောက်ဆုံးမှု မရှိအောင်ထိန်းသိမ်းရေး၊ ဓာတ်အားသုံးစွဲမှု ခြိုးခြံချွေတာရေး၊ မန္တလေးမြို့နှင့် စက်မှုဇုန်တို့အား ဓာတ်အားဖြန့်ဝေမှု ပုံမှန်ဖြစ်အောင် ဆောင်ရွက်ရေး၊ အထူးသဖြင့် စက်မှုဇုန်များအား ဦးစားပေး၍ အများပြည်သူတို့အား လျှပ်စစ်ဓာတ်အားဖြန့်ဝေရာတွင် မီးပေးချိန် အာမခံချက်ပေးနိုင်အောင် လိုအပ်သောအစီအမံများ စနစ်တကျချမှတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စက်သုံးဆီအပိုင်း၌လည်း လက်ခံ၊ သိုလှောင်၊ ဖြန့်ဝေရာ၌ အလေအလွင့် တတ်နိုင်သမျှ လျော့နည်းစေရေးအတွက် တာဝန်ရှိသူများက စနစ်တကျ စစ်ဆေးစိစစ်သွားရန်နှင့် ယင်းတို့မှာ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူထားခြင်းဖြစ်၍ ခြိုးခြံချွေတာသုံးစွဲရေး အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ယခုအခါ၌ ခြစ်စည်းရိုးကြက်ဆူဖြင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေပြီဖြစ်၍ မကြာမီကာလအတွင်း ဒီဇယ်ဆီအစား ဘိုင်အိုဒီဇယ်ကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ စက်သုံးဆီများ၏ဖြန့်ဖြူးပေးမှုဈေးနှုန်းမှာ နိုင်ငံတကာနှင့်ယှဉ်ပါက များစွာသက်သာပြီး နိုင်ငံတော်အနေဖြင့် အမြတ်အစွန်းမယူဘဲ စေတနာထား၍ ဖြန့်ဖြူးပေးနေသည်ကို ပြည်သူများသိရှိအောင် ရှင်းလင်းပြသသွားကြရန် ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်များကို ထမ်းဆောင်ရာတွင် စေတနာထား၍ အကြံကောင်းဉာဏ်ကောင်းများဖြင့် လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများနှင့်ဆက်ဆံရာတွင် နိုင်ငံတော်၏ စေတနာနှင့် လုပ်ဆောင်ချက်များကို ပြည်သူများသိရှိအောင် ချိုသာပျူငှာစွာ ဆက်ဆံပြောဆိုကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော်သောင်းက မန္တလေးတိုင်းအတွင်း လျှပ်စစ်ဓာတ်အားခွဲဝေသတ်မှတ်ထားမှုအခြေအနေ ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများကို စစ်ဆေးဖော်ထုတ်ဆောင်ရွက်မှုအခြေအနေနှင့် ဓာတ်အားခြိုးခြံချွေတာသုံးစွဲရေးအတွက် အများအပြည်သူတို့အား အသိပညာပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တံခွန်တိုင် ဓာတ်အားခွဲရုံမှ ဓာတ်အားခွဲရုံမှူး ဦးဝင်းမောင်နှင့် အောင်ပင်လယ် ဓာတ်အားခွဲရုံမှ ဓာတ်အားခွဲရုံမှူး ဒေါ်အေးအေးမင်းတို့က ဓာတ်အားခွဲရုံအလိုက် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းမြင့်ဦးက အထက်မြန်မာပြည် မန္တလေးတိုင်းမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီနှင့် လေယာဉ်ဆီများ လက်ခံရရှိမှုနှင့် ဖြန့်ဝေမှုအခြေအနေများကို လည်းကောင်း၊ တိုင်းရေနံ ရောင်းဝယ်ရေးအရာရှိ ဦးဇော်နောင်က ဓာတ်ဆီနှင့် စက်သုံးဆီဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် အရောင်းဆိုင်များအား ကြီးကြပ်စစ်ဆေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကြီးကြပ်ရေးအင်ဂျင်နီယာ ဦးခင်မောင်ဦးက CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအား ၂၀၀၄ခုနှစ် အောက်တိုဘာလ ၄ရက်မှစ၍ CNG ဓာတ်ငွေ့အရောင်းဆိုင်ဖွင့်လှစ်ရောင်းချပေးမှု၊ မန္တလေးတိုင်းတွင် ၂၀၀၅ခုနှစ် ဧပြီလတွင် CNG သုံး မော်တော်ယာဉ် အစီး ၂၀၀ရှိသည့်အနက် မန္တလေးမြို့၌ ၁၂၄စီးရှိမှုအခြေအနေနှင့် ဆက်လက်၍လည်း ယာဉ်ပိုင်ရှင်များက CNGဓာတ်ငွေ့သုံးကားအဖြစ် ပြောင်းလဲရန် စိတ်ဝင်စားလာကြပြီး CNG လျှောက်လွှာများ တိုးတက်နေမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် စက်သုံးဆီ သိုလှောင်ကန်များအား သက်ဆိုင်ရာတာဝန်ရှိသူနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက လစဉ်စစ်ဆေးသွားရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးကို အထူးအလေးထား ဆောင်ရွက်သွားရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်များကို အမျိုးသားရေးတာဝန်အဖြစ် သဘောထားပြီး ဖိဖိစီးစီးဆောင်ရွက်သွားကြရေးတို့ မှာကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

မန္တလေးတိုင်းအတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး၊ ဝန်ပိုထရန်စဖော်မာများ ဝန်အားနိုင်နင်းမှုရှိစေရေး၊ ဗို့အားကျဆင်းမှု ပပျောက်ရေးအတွက်(၁၁/၀ဒသမ၄) ကေဗွီထရန်စဖော်မာ၁၁လုံးကို ၂၀၀၆ ခုနှစ် ဧပြီလအတွင်း တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးခရိုင်ရှိ မြို့နယ်ငါးမြို့နယ်တွင် အိမ်သုံးမီတာ၅၀၆၅လုံး တိုးမြှင့်တပ်ဆင်ခွင့်ပြုထားသည့်အနက် မီတာအလုံး၂၀၀၀ကို ပထမအဆင့်အဖြစ် တပ်ဆင်ပေးခဲ့ပြီး ကျန်ရှိသည့် မီတာများကို ဆက်လက်တပ်ဆင်ပေးရန် စီစဉ်လျက်ရှိသည်။

(သတင်းစဉ်)

YMBA နှစ်(၁၀၀)ပြည့် စာမူဆုဂုဏ်ပြုမည်

ရန်ကုန် ဇွန် ၆

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBAနှစ်(၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုအသီးသီးရရှိသူများအား ဂုဏ်ပြုပွဲကျင်းမည်ဖြစ်၍ YMBA အသင်း ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၇၇)သို့ ဇွန် ၁၇ ရက် (စနေနေ့) နံနက်၉နာရီတွင် ကြွရောက်ပါရန်နှင့် ဖုန်း-၂၉၀၄၀၉၊၂၉၉၇၁၄၊ ၂၉၁၃၄၇သို့ ဆက်သွယ်စုံစမ်းနိုင်သည်ဟု သိရသည်။ (၂၃)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်သစ္စာလမ်းနေ ဦးအုန်းဖေ၊ ဒေါ်သန်းနု(အောင်မြေမျက်စိအထူးကုဆေးခန်း)မိသားစုက သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ကျောက်တံခါးမြို့ရှိ ထရန်စဖော်မာအနီး၌ သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့်ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ၁နာရီ မိနစ်၅၀ခန့်တွင် ပဲခူးတိုင်း၊ ကျောက်တံခါးမြို့၊ ကွင်းထောင့်ရပ်ကွက်၊ ယုဇနလမ်းတွင်နေထိုင်သည့် အဘ ဦးမောင်မောင်၏ သား၊ လက်သမားအလုပ်လုပ်ကိုင်သူ ကိုရန်နိုင်လွင် အသက်(၂၄)နှစ်သည် ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဈေးလမ်းထောင့်ရှိ ထရန်စဖော်မာမိန်းဆွိ တပ်ဆင်ထားသည့် သစ်သားတန်း ဆွေးမြည့်နေသည်ကို ပြင်ဆင်နေစဉ် ထရန်စဖော်မာအား ကာရံထားသည့် အုတ်တံတိုင်း၏အပြင်ဘက်နှစ်ပေခန့်အကွာ၌ သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ၎င်း၏ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသည့် ကိုရန်နိုင်လွင်အား ကျောက်တံခါးမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ တာဝန်ရှိသူများက ဆေးဝါးကုသမှုနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သောင်းကျန်းသူအဖျက်သမားများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းလျက်ရှိသည်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်–မန္တလေး မီးရထားဒွေးလမ်းဖောက်လုပ်ပြီးစီးမှုနှင့် နေပြည်တော်–မန္တလေး နေ့ချင်းပြန် အမြန်ရထားပြေးဆွဲမည့် ခရီးစဉ်အခြေအနေများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၄ရက် နံနက် ၆နာရီတွင် မန္တလေးမြို့သို့ အမြန်ရထားဖြင့် ထွက်ခွာလာပြီး ရန်ကုန်–မန္တလေး မီးရထားဒွေးလမ်းဖောက်လုပ်ပြီးစီးမှုနှင့် နေပြည်တော်–မန္တလေး နေ့ချင်းပြန် အမြန်ရထားပြေးဆွဲမည့် ခရီးစဉ်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇွန် ၄ရက် နံနက်၆နာရီတွင် နေပြည်တော်မှ မန္တလေးသို့ ပြေးဆွဲမည့် အမြန်ရထားဖြင့် ထွက်ခွာလာပြီး ရန်ကုန်–မန္တလေး မီးရထား ဒွေးလမ်းပေါ်ရှိ သံလမ်းခင်းခြင်းနှင့် တံတားတည်ဆောက်မှု လုပ်ငန်းများနှင့် နေပြည်တော်–မန္တလေး နေ့ချင်းပြန် အမြန်ရထားပြေးဆွဲမည့် ခရီးစဉ် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား နေပြည်တော်–မန္တလေး အမြန်ရထားပေါ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရန်ကုန်–မန္တလေး မီးရထားဒွေးလမ်း ဖောက်လုပ်ပြီးစီးမှု၊ ရထားလမ်းများ ကျောက်ဖြည့်ခြင်းနှင့် ဇလီဖားတုံးများ လဲလှယ်ပြီးစီးမှု၊ ရန်ကုန်–မန္တလေး ရထားလမ်းတွင် နေ့စဉ်ပြေးဆွဲနေသည့် ရထားခရီးစဉ်များ နှင့် မကြာမီ နေပြည်တော်–မန္တလေး နေ့ချင်းပြန် အမြန်ရထား ပြေးဆွဲမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မီးရထားဒွေးလမ်း ဖောက်လုပ်ပြီးစီးမှု လုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ရထားလမ်း ရထားတွဲများ ကြံ့ခိုင်မှု၊ သန့်ရှင်းမှု ကောင်းမွန်ရေး၊ ဘူတာများစိမ်းလန်းစိုပြည်ရေး၊ ရထားဝင်ချိန်–ထွက်ချိန် များမှန်ကန်ရေး၊ ရထားစီးပြည်သူများစိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေသွားလာနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ နေပြည်တော်–မန္တလေး အမြန်ရထား နေ့ချင်းပြန်ခရီးစဉ်ကို ဇွန် ၇ ရက်မှ စတင်ပြေးဆွဲမည် ဖြစ်သည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိနစ်၅၀တွင် မန္တလေးဘူတာသို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတိုင်းမှူး၊ မန္တလေး မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇွန် ၅ ရက်နံနက်ပိုင်းတွင် တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် အမြန်ရထားဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန်–မန္တလေး ရထားလမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ကျေးရွာတိုင်း စာကြည့်တိုက်များဖွင့်လှစ်ပေး ရေရှည် ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေလိုက်ပါလျက် ဇွန် ၄ ရက် နံနက်ပိုင်းတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ ခရိုင်အတွင်းမှ ဝန်ထမ်းများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဗီဒီယိုအခြေခံအဖွဲ့တို့အား တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးက မှာကြားရာတွင် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထားပြီး ဖြစ်၍ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့အတွက် အသိပညာ အတတ်ပညာများ ချိန်ခါမရွေး လေ့လာဆည်းပူးနိုင်ရန် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် မိမိတို့သည် ကျေးလက်နေပြည်သူများအထိ ပညာဗဟုသုတများ ဖြန့်ဖြူးပေးရန် အရေးကြီးကြောင်း၊ ထို့ကြောင့် စာတတ်သူတိုင်း စာပေဖတ်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊စာဖတ်ပရိသတ်များ တိုးပွားလာသည်နှင့်အမျှ အကျိုးဖြစ်ထွန်းမှု တိုးပွားလာမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး အစရှိသည့် လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဆောင်ရန်/ ရှောင်ရန်အချက်များကို အချိန်မီ သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရင်းဖြင့် ပြည်သူများ၏ အားထားယုံကြည်မှုရရှိလာပါက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ထိရောက်အောင်မြင်လာမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း ဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည်ရမည်းသင်းမြို့နယ် ကုတင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ဗုဒ္ဓရောင်ခြည် စာကြည့်တိုက်နှင့် ရွှေခါးသာစည် ကျေးရွာ အားမာန်သစ်စာကြည့်တိုက်တို့ကို သွားရောက်ကြည့်ရှုအားပေးပြီး စာကြည့်တိုက် ရေရှည်တည်တံ့ ရှင်သန်ရေးအတွက် လိုအပ်သည်များ အကြံပြုပြောကြားကာ စာကြည့်တိုက်အတွက် ဗွီစီဒီနှင့် စာအုပ်များပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

သောက်ရေသန့်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် စစ်မှန်ပြီး အရည်အသွေးပြည့်မီသော သောက်ရေသန့်များကို အများပြည်သူတို့ သောက်သုံးနိုင်ရန်နှင့် သောက်ရေသန့်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်နယ်/တိုင်းများရှိ ဈေးကွက်များမှ သောက်ရေသန့်နမူနာများကိုစစ်ဆေးရာ အောက်ဖော်ပြပါ သောက်ရေသန့် အမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက် (သောက်ရေသန့်)ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များဖြစ်ကြောင်း အသိပေးအပ်ပါသည်–

စဉ်	သောက်ရေသန့် အမှတ်တံဆိပ်	လုပ်ငန်းတည်ရှိရာလိပ်စာဖော်ပြချက်
၁။	National	Myanmar Construction Material Shop Strand Road, Anawar Quarter, Kawthaung, Myanmar
၂။	White Shark	231. Pagoda Road, Anawar Quarter, Kaw Thaung, Myanmar
၃။	Ready	No. (839), Paw Oo Road, Aye Yeit Nyain Quarter, Kawthaung, Myanmar
၄။	Anchor	No. 1, Ywama Street, Shwe Hin Tha Ward, Kawthaung, Myanmar

၃။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်(သောက်ရေသန့်) ထုတ်လုပ်ခြင်းထောက်ခံချက် လက်မှတ်ရရှိထားခြင်းမရှိသော အစားအသောက်(သောက်ရေသန့်)များထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်) ဆွေးနွေးခန်း
၇း၃၀	သွေးကူသိုလ်
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	နိုင်ငံတကာ အနုပညာရေးရာ
၈း၂၀	မိုးလေဝသခန့်မှန်းချက်
၈း၂၅	World Cup Special (Group-E)
၈း၅၀	ကျေးပင်အက် ရေလှောင်တမံ
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	Myanmar Video Rhytham
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ချည်မျှင်ရှည်ဝါ အထွက်တိုးရေးနည်းပညာ
၁၀း၂၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	သံချည်သံကွေး အတတ်ပညာ
၁၀း၄၀	ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု(ရှင်ဖုန်းနှင့်သူ၏အနုပညာခရီး)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅	ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊ မြသဥ္ဇာလီ)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	လှပရှုမငြီး ပန်းအလှဆင်နည်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက မန္တလေးဘူတာတွင် ကြိုဆိုကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်း စစ်ဆေး

နေပြည်တော် ဇွန် ၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အုန်းချောအော်တိုအိတ်ချိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မန္တလေးမြို့ ဈေးချိုအဆင့်မြင့်ပလာဇာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးချိုအဆင့်မြင့်ပလာဇာ၌ အော်တိုတယ်လီဖုန်း တပ်ဆင်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၃ ရက် နံနက်ပိုင်းတွင် ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဝက်လက်မြို့ အော်တိုတယ်လီဖုန်း တပ်ဆင်နိုင်ရေးကိစ္စကို ဆွေးနွေးညှိနှိုင်းကာ လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝက်လက်မြို့ လက်လှည့်အိတ်ချိန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရွှေဘိုအော်တိုအိတ်ချိန်းသို့ သွားရောက်စစ်ဆေး၍ လိုအပ်သည်များကို မှာကြားပြီး ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခင်ဦးမြို့ အော်တိုတယ်လီဖုန်းတပ်ဆင်ရေးအတွက် လိုအပ်သည်များမှာကြားကာ ခင်ဦးမြို့ လက်လှည့်အိတ်ချိန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တန့်ဆည်မြို့ အော်တိုအိတ်ချိန်း အဆောက်အအုံသို့ ဝင်ရောက်စစ်ဆေးပြီး အော်တိုအိတ်ချိန်းတည်ဆောက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တန့်ဆည်မြို့ လက်လှည့်အိတ်ချိန်း၊ ရေဦးမြို့အော်တို အိတ်ချိန်း၊ ဒီပဲယင်း လက်လှည့်အိတ်ချိန်း၊ ဘုတလင် လက်လှည့် အိတ်ချိန်း၊ အလုံမြို့ ဂျီအက်အမ်စခန်းနှင့် မုံရွာအော်တိုအိတ်ချိန်း အသီးသီးတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၄ ရက်တွင် ပျော်ဘွယ်အော်တိုအိတ်ချိန်း တပ်ဆင်မည့် အဆောက်အအုံကို ဝင်ရောက်စစ်ဆေးရာ တာဝန်ရှိပုဂ္ဂိုလ်များက အော်တိုအိတ်ချိန်း တပ်ဆင်ခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရမည်းသင်းမြို့ မိုက္ကရိုဝေ့ဗ်စခန်းသို့ လည်းကောင်း၊ တပ်ကုန်းမြို့ မိုက္ကရိုဝေ့ဗ်စခန်းသို့လည်းကောင်း ဝင်ရောက်၍ အော်တိုအိတ်ချိန်းတွင် တပ်ဆင်အသုံးပြုမည့် ကေဘယ်လ်များ ရောက်ရှိမှု၊ အော်တိုအိတ်ချိန်းတပ်ဆင်မည့် စက်ခန်းနှင့် မိုက္ကရိုဝေ့ဗ် စက်ခန်းများကို ကြည့်ရှုစစ်ဆေးရာသက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီး၌ အမှတ်(၇) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းမှ တာဝန်ရှိသူများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း၊ လုပ်ငန်းသုံးယာဉ် ယန္တရားများနှင့် ပစ္စည်းများရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေး ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲရန်အတွက် တည်ဆောက်ပြီး ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသော၊ ကီလိုဝပ် ၆၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသော အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် လျှပ်စစ်ဓာတ်အား ၇၅ ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိသော အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို လည်းကောင်း၊ ကျောက်စီ ကွန်ကရစ်ရေလွှဲဆည် အမှတ်(၁)နှင့် အမှတ်(၂)တို့ကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးပြီဖြစ်သော ရေတံခါးနှစ်ပေါက်ပါရှိသည့် ရေယူအဆောက်အအုံ၊ သဲထုတ်ရေတံခါး၊ ရေသွယ်မြောင်း၊ ရေထိန်းကန် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်၊ မြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ကျိုင်းတောင်းရေတံခွန်၏ အောက်ဘက်ရှိ နမ့်တိန်ချောင်းကို ရာသီမရွေး ဖြတ်ကူးနိုင်ရန်အတွက် တည်ဆောက်ပြီးစီးပြီဖြစ်သော သံပေါင် တပ်ဆင်ထားသည့် ကျိုင်းတောင်းတံတား အမှတ်(၁)နှင့် ကျိုင်းတောင်းတံတား အမှတ်(၂) တံတားနှစ်စင်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ အဆိုပါ တံတားနှစ်စင်းသည် ပတ်ဝန်းကျင်ရှိ ကျေးရွာများ ကူးလူးဆက်ဆံသွားလာရေးအတွက် အထောက်အကူပြုမည့် တံတားဖြစ်သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ၁၈ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်ရုံ သုံးလုံးမှ စုစုပေါင်း စက်တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း ၄၇၂ သန်း ထုတ်လုပ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့သို့ ၁၃၂ ကေဗွီဓာတ်အားလိုင်း၊ ၆၆ ကေဗွီဓာတ်အားလိုင်းများဖြင့် လဲချား၊ ပင်လုံ၊ လွိုင်လင်မြို့များသို့ လည်းကောင်း၊ နမ့်စန်ဓာတ်အားခွဲရုံမှတစ်ဆင့် မိုးနဲ၊ လင်းခေး၊ မိုင်းပန်မြို့များသို့လည်းကောင်း ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပိုလျှံသော ဓာတ်အားများကို ကလောဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ရေဦးမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၁၊ လျှပ်စစ်စွမ်းအား)

တရုတ်ပြည်သူ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇွန် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ လေ့ကျင့်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယမန်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin ဦးဆောင်သော လေ့ကျင့်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ဒုတိယစစ်သံမှူး Col. Xiong Shaowei နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ အတီးပြိုင်ပွဲ

၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈:၁၀ ၇။ အဆိုပြိုင်ပွဲ

၈:၂၀ ၈။ ဂုံညင်းတန်းတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ

-ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား

၅:၃၀ ၈။ သီချင်းကြီးပဒေသာ

၅:၄၅ ၉။ **"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)**

၅:၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်

၇:၀၅ ၁၄။ အတီးပြိုင်ပွဲ

၇:၁၅ ၁၅။ တေးဂီတအစီအစဉ်

၇:၃၀ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၇:၄၅ ၁၇။ **"အမြင်သစ် အသွင်သစ် တို့ကျေးရွာ" [ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်မက်လန်းကျေးရွာ]**

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **"စာအုပ်အတွင်းမှသီချင်းများ" (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်။)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

၂၀၀၆–၂၀၀၇ ဘောလုံးရာသီအတွက် ဘဏ္ဍာ/အခွန်ဘောလုံးအသင်း ပြင်ဆင်

သတင်းဆောင်းပါး–
ညီညီစိုးညွန့်
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး ကျင်းပမည့် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းဘောလုံးပြိုင်ပွဲများကို ဇွန်လ တတိယပတ်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် ပြည်တွင်းဘောလုံးပြိုင်ပွဲများကို အဆင့်မီစွာကျင်းပနိုင်ရေးကြိုးစားဆောင်ရွက် လျက်ရှိသည်။ ယခုနှစ် ဘောလုံးရာသီကိုလည်း ယမန်နှစ်ကကဲ့သို့ပင် ပြိုင်ပွဲအကြိုဖွင့်ပွဲ အထိမ်းအမှတ်ကျင်းပပြီး တေးဂီတဖျော်ဖြေမှုနှင့်အတူ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် အဆင့်မြင့်တန်း၌ ၁၄သင်း၊ ပထမတန်း၌ ၁၁သင်း၊ ဒုတိယတန်း၌ ၁၁သင်း၊ တတိယတန်း၌ ၁၀သင်းနှင့် ယူ–၂၀ ပြိုင်ပွဲ၌ ရှစ်သင်း၊ စုစုပေါင်း ၅၄သင်း ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားကြသည်။

အဆင့်မြင့်တန်းပြိုင်ပွဲဝင် ၁၄သင်းများထဲမှ အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ယမန်နှစ် ဘောလုံးရာသီတွင်လက်လွတ်ခဲ့ရသောကွင်းဖွင့်နှင့် ကွင်းပိတ် ချန်ပီယံဆုတို့ကို ပြန်လည်ဆွတ်ခူးနိုင်ရေးအပြင် အမှတ်ပေးချန်ပီယံဆုကိုပါ ထပ်မံကာကွယ်နိုင်ရေးအတွက် နည်းစနစ်မှန်မှန်ပြင်းပြင်း ထန်ထန်ဖြင့်လေ့ကျင့်လျက်ရှိသည်။

ဘဏ္ဍာ/အခွန် (ယခင်အကောက်ခွန်) အသင်းသည် ပြည်တွင်း၌ သက်တမ်းရင့် ကလပ်အသင်း တစ်ခုဖြစ်ပြီး ချန်ပီယံဆုပေါင်းများစွာ ဆွတ်ခူး ပိုင်ဆိုင်ထားသည့်အသင်းတစ်သင်း ဖြစ်သည်။ ထို့ပြင် ၂၀၀၄ခုနှစ်က ကျင်းပပြုလုပ်ခဲ့သော အိန္ဒိယဘောလုံး အဖွဲ့ချုပ်ဒိုင်းပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသည်အထိ အောင်မြင်မှုရထားသော အသင်းဖြစ်သည်။

ထိုကဲ့သို့ ပြည်တွင်း၌ အောင်မြင်မှုများစွာ ရရှိထားသည့် ဘဏ္ဍာ/အခွန် ဘောလုံးအသင်းအား လာမည့် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီအတွက် ပြင်ဆင် လေ့ကျင့်နေပုံများနှင့် စပ်လျဉ်း၍ ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်း ခဲ့ပါသည်။ ဘဏ္ဍာ/အခွန် ဘောလုံးအသင်း အကြံပေး ဦးခင်မောင်ကြိုင် (ယခင် အုပ်ချုပ်သူ)က “မိမိတို့ အသင်းအနေဖြင့် ယမန်နှစ် ဘောလုံးရာသီတွင် မျှော်မှန်းသလို အောင်မြင်မှုမရဘဲ ချန်ပီယံဆုတစ်ခုသာ ရယူနိုင်ခဲ့၍ လာမည့် ဘောလုံးရာသီတွင် မိမိတို့ ဆုံးရှုံးခဲ့ရသည့် ချန်ပီယံဆုကို ပြန်လည်ရယူနိုင်ရေး ကြိုးစားနေပါကြောင်း၊ အောင်မြင်မှု ရနေသည့်အသင်းတစ်သင်းအတွက် ယခုလိုဆုံးရှုံးမှုမျိုးမှာ ဖြစ်တတ်ပါကြောင်း၊ ကမ္ဘာကျော်ဘောလုံး အသင်းများတောင် ယခုလိုမျိုး ဖြစ်တတ်ပါကြောင်း၊ မိမိတို့က ဒါကို အချိန်မီပြုပြင်နိုင်ဖို့ကြိုးစားနေပါကြောင်း၊ လာမည့်ဘောလုံးရာသီတွင် မိမိတို့က အသင်းတိုင်းကို အနိုင်ရလိုစိတ်အပြည့်ဖြင့် ပွဲတိုင်းအနိုင်ရအောင် ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း။

လာမည့် ဘောလုံးရာသီတွင် အသင်းတိုင်းကို အနိုင်ရလိုစိတ်အပြည့်ဖြင့် ပွဲတိုင်းအနိုင်ရအောင် ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း ဘဏ္ဍာ/အခွန် ဘောလုံးအသင်း အကြံပေး ဦးခင်မောင်ကြိုင် ပြောကြား စဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ပိုကောင်းလာ

ယခုနှစ်တွေ့မည့် အသင်းများအားလုံး ယမန်နှစ်ထက် ပိုကောင်းလာမည်ဖြစ်ကြောင်း၊ စီးပွားကူးသန်းကသုံးသင်းကို တစ်သင်းလုပ်လိုက်၍ ပိုကောင်းလာသလို မြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေးတို့မှာလည်း ပိုမိုသတိထားရမည့် အသင်းများ ဖြစ်လာနိုင်ကြောင်း၊ စွမ်းအင်အသင်းမှာလည်း ယမန်နှစ်က ကွင်းပိတ်ချန်ပီယံဖြစ်ထား၍ ဒီနှစ်ပိုကြိုးစားလာမည် ဖြစ်ကြောင်း၊ ယမန်နှစ် ဘောလုံးရာသီတွင် မိမိတို့ ရှုံးခဲ့သည့် ကမ္ဘောဇနှင့် ကွင်းဖွင့်ဖိုင်နယ်၊ စီးပွားကူးသန်းနှင့် အမှတ်ပေး

နောက်ဆုံးပွဲ၊ စွမ်းအင်နှင့် ကွင်းပိတ်ပွဲတို့မှာ တစ်ဖက်အသင်း ကောင်းတာရှိသော်လည်း မိမိတို့အသင်း ကစားပုံညံ့ခဲ့၍ ရှုံးရခြင်းဖြစ်ကြောင်း။

အသင်းတွင် ယမန်နှစ် ဘောလုံးရာသီက ဒဏ်ရာကြောင့် နားနေရသည့် စိုးမြတ်မင်းနှင့် ရန်ပိုင်တို့ ပြန်ကောင်းလာ၍ မိမိတို့အသင်းအတွက် အားပိုကောင်းလာပါကြောင်း၊ ပခုံးညှပ်ရိုးကျိုးသည့် လွင်ဦးမှာ အပေါ့စား လေ့ကျင့်မှုများ ပြုလုပ်နိုင်နေပြီ ဖြစ်ကြောင်း၊ လူသစ် ထပ်မံအားဖြည့်မှုအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ နောက်ခံလူ မျိုးမင်းလတ်နှင့် ဘဏ္ဍာ/အခွန် ယူ–၂၀ အသင်းမှ ငါးဦးတို့ကို ထပ်မံ အားဖြည့်ထားကြောင်း၊ နည်းပြချုပ် ဦးခင်မောင်ဝင်းနှင့် လက်ထောက် နည်းပြများက အသင်းကို အကောင်းဆုံး ပုံစံရအောင် လေ့ကျင့်ပေးနေ၍ အားရမိပါကြောင်း၊ မြန်မာ့ဘောလုံး တိုးတက်ရန် အဆင့်မြင့်တန်း ပြိုင်ပွဲများကို ယခုထက် အဆင့်မြင့်မြင့် ကျင်းပနိုင်ရန် လိုမည်ဖြစ်ကြောင်း” ပြောကြားသွားသည်။

ဘဏ္ဍာ/အခွန်အသင်း

ဘဏ္ဍာ/အခွန် ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန့်ဇင်ဝင်း၊ နည်းပြချုပ်အဖြစ် ဦးခင်မောင်ဝင်း၊ လက်ထောက် နည်းပြများအဖြစ် ဦးတင်မြင့်အောင်၊ ဦးရွှေဘော်၊ ဦးအောင်နိုင်၊ ဦးဝင်းအောင်၊ ဦးစိုးနိုင်၊ ဦးတင်မောင်သိန်း(ဂိုး)၊ ဦးအောင်ကျော်ကျော်၊ အားကစားသမားများ အဖြစ် ဂိုးသမား–အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ ဇော်မျိုးလတ်၊ နောက်တန်း–စိုးမြတ်မင်း၊ အောင်ထွန်းလင်း၊ အောင်ကျော်မြင့်၊ စိုးလင်းထွန်း၊ ဇင်မင်း ဦး၊ မျိုးမင်းလတ်၊ မင်းမင်းအောင်၊ မိုးကျော်သူ၊ သူရအောင်၊ ထူးကျော်၊ အလယ်တန်း–အောင်ကျော်မိုး၊ လွင်ဦး၊ ထွန်းထွန်းဝင်း၊ ကျော်ကျော်စိုး၊ ပိုင်စိုး၊ အေးမင်းထွန်း၊ ကျော်ကျော်ခိုင်၊ အောင်ဟိန်းလတ်(ခ) ခင်မောင်ထွန်း၊ ရှေ့တန်း–မျိုးလှိုင်ဝင်း၊ ရန်ပိုင်၊ ဇော်ထိုက်၊ ကျော်သူရနှင့် သိန်းထွန်းဝင်းတို့ဖြစ်ကြသည်။

ထို့အပြင် လူငယ်အားကစားသမားများ ဖြစ်ကြသည့် အောင်ရဲသွေး (ဂိုး)၊ အောင်မွန်ဗိုလ်ဗိုလ်၊ သန်းနိုင်၊ မြင့်နိုင်၊ အောင်ဗိုလ်ဗိုလ်ဝင်း၊ နီမောင်မောင်အောင်တို့ကို ပူးတွဲလေ့ကျင့်ပေးလျက်ရှိသည်။

(ကြေးမုံ)

ဂိုးနည်းပြ ဦးတင်မောင်သိန်းနှင့် ဦးအောင်ကျော်ကျော် တို့က ဂိုးသမားများဖြစ်သည့် အောင်အောင်ဦးနှင့် ဇော်မျိုးလတ်တို့အား လေ့ကျင့်ပေးနေစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ဘဏ္ဍာ/အခွန် ဘောလုံးအသင်းမှ မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်ကြသည့် စိုးမြတ်မင်း၊ ဇော်ထိုက်၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ မိုးကျော်သူနှင့် စိုးလင်းထွန်းတို့ လေ့ကျင့်နေစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကမ္ဘာ့ဖလားပွဲအကြို သတင်းများ

ပါရာဂွေးအသင်းမှ ဆန်တာခရုဇ် အင်္ဂလန်အသင်းကိုဒုက္ခပေးနိုင်ဟုဆို

ဖရန့်ဖတ် ဇွန် ၆

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်တွင် မိမိ၏အသင်းနှင့် ဖွဲ့ဆော်ဦး ယှဉ်ပြိုင်ကစားရမည့် ပါရာဂွေးအသင်းမှ တိုက်စစ်မှူး ရို့ဆန်တာခရုဇ်သည် ယင်းအသင်းတွင် အကောင်းဆုံးဘောလုံးသမားဖြစ်ပြီး မိမိအသင်းကို ဒုက္ခပေးနိုင်ဖွယ် ရှိသူဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြ ဆဗင်ဂိုရန် အဲရစ်ဆင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းနည်းပြအဲရစ်ဆင်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (ခ)တွင်ပါဝင်သော အင်္ဂလန်အသင်းနှင့်ပါရာဂွေးအသင်းတို့သည် ဇွန် ၁၀ ရက်တွင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘေယန်မြူးနစ်အသင်းမှ တိုက်စစ်မှူးဖြစ်သူ ဆန်တာခရုဇ်သည် ဒူးခေါင်းခွဲစိတ် ကုသမှုကိုခံယူခဲ့ရပြီး မကြာသေးမီက ဒဏ်ရာဟောင်းပြန်ပေါ်ချင်သည့် လက္ခဏာများပြသခဲ့ခြင်းကြောင့် ဘွန်းဒက်စလီဂါဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်အများစုတွင် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပေ။

ပါရာဂွေးအသင်းတွင် ဆန်တာခရုဇ် ပါဝင်ကစားမည် မကစားမည်ကို မိမိမသိသော်လည်း အကယ်၍ ၎င်းပါဝင်ပါက ပါရာဂွေးအသင်း၏ အရေးအပါဆုံး ဘောလုံးသမားဖြစ်လာမည်ဟု မိမိယူဆကြောင်း၊ ပါရာဂွေးအသင်းတွင် အကောင်းဆုံး ဘောလုံးသမားမှာ ဆန်တာခရုဇ်ဖြစ်ကြောင်း အဲရစ်ဆင်ကပြောကြားသည်။ **အင်တာနက်။**

ပါရာဂွေးအသင်းတိုက်စစ်မှူး ဆန်တာခရုဇ်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားပွဲအကြို ခြေစမ်းယှဉ်ပြိုင် ယူကရိန်းအသင်းက လစ်ဗျားကိုအနိုင်ရ

ကီယက်ဗ် ဇွန် ၆

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် ယူကရိန်းအသင်းနှင့် လစ်ဗျားအသင်းတို့ ဆွစ်ဇာလန်နိုင်ငံ ဂေါ့ဆောမြို့တွင် တနင်္လာနေ့က ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြရာ ယူကရိန်းအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယူကရိန်းအသင်းမှ ဗိုလိုဒီမီယာ ယီဇာစကီးသည် ပွဲချိန် ၄၉မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့ပြီးနောက် အိုလက်ဇီဘီလစ်နှင့် အင်ဒရေဗိုရိုဘေးတို့က ပွဲကစားချိန်နှောင်းပိုင်းတွင် အသီးသီးဂိုးသွင်းခဲ့ကြသည်။

လွန်ခဲ့သည့်လက ဒူးခေါင်းထိခိုက်ဒဏ်ရာကို ခံစားခဲ့ရပြီးနောက် ပြန်လည်နာလန်ထူလာနေသော ယူကရိန်းအသင်းခေါင်းဆောင် အင်ဒရေရှက်ချင်ကိုမှာ ခြေစမ်းပွဲတွင် ပါဝင်ကစားခြင်း မရှိပေ။

ယူကရိန်း အသင်းသည် ဇွန် ၁၄ရက်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **အင်တာနက်။**

ယူ က ရိန်း အသင်းမှအင်ဒရေ ဗိုရိုဘေး(ယာ)နှင့် လစ်ဗျားအသင်းမှ မိုဟာမက်အယ်လ်မူ ဂ ရာ ဘီ တို့ ဘောလုံး ယှဉ်လုကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အင်တာနက် စီးပွားရေးသတင်း

သစ်တောပြုန်းတီးမှု၏ အကျိုးဆက်အဖြစ် အိန္ဒိယတွင် ငှက်ပျောမျိုးစိတ်များ မျိုးသုဉ်းနိုင်

နယူးဒေလီ ဇွန် ၆

ကမ္ဘာပေါ်တွင် ငှက်ပျောသီးထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် သစ်တောပြုန်းတီးမှုနှင့် မြို့ပြဒေသများ ကျယ်ပြန့်လာမှုတို့၏ အကျိုးဆက်အဖြစ် တောတွင် အလေ့ကျပေါက်ရောက်သည့် ငှက်ပျောမျိုးစိတ်များ ပျောက်ကွယ်နိုင်ကြောင်း ဇွန် ၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် ငှက်ပျောသီး သုတေသနလုပ်ငန်း လုပ်ကိုင်နေသော သိပ္ပံပညာရှင်နှစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ငှက်ပျောသီး အများဆုံးထုတ်လုပ်လျက်ရှိသော နိုင်ငံဖြစ်သော်လည်း သစ်တောနယ်မြေများ အတွင်းသို့ လူထုအခြေစိုက်နေထိုင်မှု အဆမတန်များပြားလာခြင်း၊ သစ်ခုတ်လှဲထုတ်လုပ်ခြင်း၊ သစ်တောများအတွင်း ကျူးကျော်ဝင်ရောက်ကာ တောင်ယာခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့ပြဒေသများ ချဲ့ထွင်လာခြင်း စသည့် အကြောင်းများကြောင့် အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်း ထောင်ပေါင်း များစွာတည်ရှိလာသော ငှက်ပျောမျိုးစိတ်များ လျော့ပါး ပျောက်ကွယ်လာနေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က သတိပေးလိုက်သည်။

၂၀ရာခိုင်နှုန်း

အိန္ဒိယနိုင်ငံသည် တစ်နှစ်လျှင် ငှက်ပျောသီး တန်ချိန် ၁၆ ဒသမ ၈ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် စိုက်ပျိုးထုတ်လုပ်သည့် ငှက်ပျောသီး တန်ချိန် ၇၂ဒသမ ၆သန်းအနက် ၂၀ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ငှက်ပျောသီး

ငှက်ပျောသီးသည် ပြည်ပပို့ကုန်ပစ္စည်းအမျိုးအမည်တစ်ခုဖြစ်ပြီး ဆန်၊ ဂျုံနှင့် ပြောင်းဖူးပြီးလျှင် ပြည်ပသို့ အများဆုံးတင်ပို့ရောင်းချသည့် ကုန်ပစ္စည်းမှာ ငှက်ပျောသီးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ငှက်ပျောမျိုးစိတ် အများဆုံးတည်ရှိရာနိုင်ငံဖြစ်သည်။ သို့ရာတွင် ဂေဟစနစ် ပျက်စီးခြင်း၏ အကျိုးဆက်အဖြစ် ငှက်ပျောမျိုးစိတ်အချို့ မျိုးသုဉ်းမည့်အန္တရာယ်နှင့် တွေ့ကြုံနေရကြောင်း အက်ဖ်အေအိုက ပြောကြားသည်။ ***အင်တာနက်။***

စိတ်ကူးဖြင့်စေခိုင်းနိုင်မည့် စက်ရုပ် ဂျပန်ဟွန်ဒါကုမ္ပဏီ တီထွင်ဖော်ထုတ်နေ

အင်တာနက် သိပ္ပံသတင်း

တိုကျို ဇွန် ၆

ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဟွန်ဒါကုမ္ပဏီသည် စက်ရုပ်ကိုစိတ်ကူးဖြင့် စေခိုင်းနိုင်မည့် နည်းပညာတစ်ရပ်ကို တီထွင်ဖော်ထုတ်လျက်ရှိကြောင်း ဇွန် ၆ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လူတစ်ဦးတစ်ယောက်၏ စိတ်ကူးစိတ်သန်းများကို စက်များနှင့်



စိတ်ကူးဖြင့် စေခိုင်းနိုင်မည့် စက်ရုပ် နည်းပညာသစ်နှင့် ပတ်သက်၍ ဟွန်ဒါ သုတေသန သိပ္ပံဥက္ကဋ္ဌ မစ္စတာ ကာဝါနာဘေး ရှင်းလင်းပြောကြားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချိတ်ဆက်ပေးနိုင်ခြင်းဖြင့် စိတ်ကူးဖြင့်စေခိုင်းနိုင်မည့် စက်ရုပ်နည်းပညာသစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဟွန်ဒါ သုတေသနသိပ္ပံဥက္ကဋ္ဌ တိုမိုဟီကိုကာဝါနာဘေးက ပြောကြားသည်။

တီထွင်စမ်းသပ်

ဟွန်ဒါ သုတေသနသိပ္ပံသည် ဥရောပအခြေစိုက် လေယာဉ်ထုတ်လုပ်ရေးအုပ်စုဖြစ်သော အေတီမာအဖွဲ့အစည်းနှင့်အတူ စိတ်ကူးဖြင့်စေခိုင်းနိုင်မည့် စက်ရုပ်ကို တီထွင်စမ်းသပ်လျက်ရှိကြောင်း မစ္စတာကာဝါနာဘေးက ပြောကြားသည်။

အာရုံခံစားမှုဆိုင်ရာ သိပ္ပံပညာနည်းစနစ်များနှင့်အညီ အနာဂတ်ကာလတွင် အဆိုပါ စက်ရုပ်ပေါ်ပေါက်လာသည့်အခါ စက်ရုပ်များကို ကီးဘုတ်များ သို့မဟုတ် ဆဲလ်ဖုန်းများမှတစ်ဆင့် စေခိုင်းစရာမလိုတော့ဘဲ စိတ်ကူးဖြင့် စေခိုင်းလာနိုင်မည်ဖြစ်ကြောင်း၊ ကျောရိုး ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် ခန္ဓာကိုယ်လှုပ်ရှားရန် မဖြစ်နိုင်သည့် ဝေဒနာရှင်များကိုလည်း ယင်းစက်ရုပ်က ကူညီနိုင်မည်ဖြစ်ကြောင်း မစ္စတာကာဝါနာဘေးက ပြောကြားသည်။

မစ္စတာကာဝါနာဘေးသည် ၎င်းတီထွင်နေသော စက်ရုပ်သစ်နှင့်ပတ်သက်၍ ဗီဒီယိုဖြင့် သရုပ်ပြရှင်းလင်းရာတွင် သံလိုက်ပဲ့တင်သံသုံး ပုံရိပ်ဖော်စက် (Magnetic Resonance Imaging Scaner) က ဖမ်းယူရရှိသည့် ဦးနှောက်လှိုင်း အမှတ်သင်္ကေတများကို စက်ရုပ်လက်မောင်းတစ်ခုကို ပေးပို့နိုင်ကြောင်း ပြသနိုင်သည်။ MRI ပုံရိပ်ဖော်စက်နှင့် အတူရှိနေသော လူတစ်ဦးက လက်သီးဆုပ်ခြင်း၊ လက်ဝါးဖြန့်ခြင်း၊ လက်ညှိုးနှင့် လက်ခလယ်တို့ကို အင်္ဂလိပ်အက္ခရာ V ပုံသဏ္ဌာန်ထားရှိခြင်းတို့ ပြုလုပ်ပြီးနောက် စက္ကန့်ပိုင်းအကြာတွင် အဆိုပါ စက်ရုပ်လက်မောင်းက အလားတူ လိုက်ပါပြုလုပ်ပြနိုင်သည်ကို တွေ့ရှိရသည်။ ***အင်တာနက်။***



ဂျပန်နိုင်ငံ ဟွန်ဒါကုမ္ပဏီက ၂၀၀၀ ပြည့်နှစ်တွင် ထုတ်လုပ်ခဲ့သော Asimo စက်ရုပ်သည် လမ်းလျှောက်ခြင်း၊ စကားပြောခြင်းနှင့် ဘောလုံးကန်ခြင်းကို ပြုလုပ်နိုင်သည်။ *(ဓာတ်ပုံ-အင်တာနက်)*



မုတ်သုံလေအားကောင်းမည်

၂၀၀၆ခုနှစ် ဇွန်လ ၆ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၆ဒသမ၅၈လက်မ၊ ကျောက်တော်မြို့တွင် ၄ဒသမ၄၉လက်မ၊ သံတွဲမြို့တွင် ၃ဒသမ၁၅လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ဒသမ၀၃လက်မနှင့် မြိတ်မြို့တွင် ၂ဒသမ၉၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၇ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၈ ဒီဂရီဖာရင်ဟိုက်) **၅-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) **၆-၆-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း		၆-၆-၂၀၀၆
နေပူသည့်နာရီပေါင်း	၁ဒသမ၁နာရီခန့်	၅-၆-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၆-၆-၂၀၀၆	၀ဒသမ၂၄လက်မ	၀ဒသမ၀၄လက်မ	၀ဒသမ၀၇လက်မ

၁-၁-၂၀၀၆ရက်မှ ၁၇ ဒသမ ၀၅ လက်မ၊ ၂၁ ဒသမ ၈၁ လက်မ ၂၃ ဒသမ ၄၂ လက်မ။

ယနေ့အထိ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅-၆-၂၀၀၆ရက် ၂၁း၄၀နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အုပ်စု(ဂ)အသင်းများ၏ ကစားကွက်နည်းဗျူဟာ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလား ပြိုင်ပွဲတိုင်းတွင် "မရဏအုပ်စု"ဟူ၍ ခေါ်တွင်သည့် အုပ်စုတစ်ခု အမြဲတမ်းပါလေ့ရှိသည်။ ယခုကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အုပ်စု(ဂ)ကို "မရဏအုပ်စု" ဟု ပရိသတ်အားလုံးက တညီတညွတ်တည်း သတ်မှတ်ထားကြသည်။

တစ်သင်းနှင့်တစ်သင်း ယှဉ်ပြိုင်ရာတွင် မြက်ခင်းပေါ် ဘောလုံးလိမ့်လိုက်သည်နှင့် တစ်ပြိုင်တည်း

အာဂျင်တီးနား လက်ရွေးစင်ဘောလုံးအသင်းနည်းပြ ဟိုဆေးပီကာမင်။

အသင်းလေးသင်းစလုံးသည် စိုးရိမ်စရာများ ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။

စာဖတ်သူများ သိကြသည့်အတိုင်းပင် ၎င်းအုပ်စုတွင် အာဂျင်တီးနား၊ အိုင်ဗရီကို့စ်၊ ဆာဗီးယားနှင့် မွန်တီနီဂရိုး၊ ဟော်လန်အသင်းတို့ ပါဝင်ကြသည်။ ၎င်းအုပ်စုထဲမှ နှစ်သင်းက ပထမအုပ်စု ပတ်လည်၌ ပြုတ်ကျန်ရစ်ခဲ့မည်။ အင်အားကြီး ဘောလုံးအသင်းတစ်သင်းလည်း ပြုတ်ကျန်ရစ်ကောင်းကျန်ရစ်ခဲ့နိုင်သည်။

နယ်သာလန်နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းနည်းပြ မာကိုဗန်ဘတ်စတင်း။

အထူးသဖြင့် ဆာဗီးယားနှင့် မွန်တီနီဂရိုးအသင်းသည် ကျန်အသင်းများအတွက် ကြီးမားသော အတားအဆီးတစ်ခုဖြစ်သည်။ခြေစစ်ပွဲတစ်လျှောက် ဆာဗီးယားသည် တစ်ဂိုးသာအသွင်းခံရသည်။ ထို့ကြောင့် နာမည်ကြီးဟော်လန်နှင့် အာဂျင်တီးနားအသင်းများသည် ဆာဗီးယား၏နောက်တန်းကို ကျော်ဖြတ်ဖို့ ခက်လိမ့်မည်ဖြစ်သည်။

နည်းပြဆရာ ပက်ကိုဗစ်သည် ၄-၄-၂ အထိုင်ချကစားမည်ဖြစ်သည်။ "ကျွန်တော့်အသင်းရဲ့ ခံစစ်ကြောင်းကို ကြည့်လိုက်တဲ့အခါမှာ ကမ္ဘာ့အကောင်းဆုံး နောက်တန်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ စိတ်လှုပ်ရှားစရာကောင်းတဲ့ တိုက်စစ်ဆင် ကစားတာမျိုးတွေကို ပရိသတ်တွေ သဘောကျတယ်ဆို တာကျွန်တော်နားလည်ပါတယ်။ အသင်းတစ်သင်းရဲ့ အင်အားအစစ်အမှန်ကတော့ ခံစစ်စွမ်းရည်ကောင်းမွန်ခြင်းပါပဲ" ဟု ထုတ်ဖော်ပြောကြားသည်။

ဆာဗီးယား၏ နောက်တန်းတွင် မန်ချက်စတာမှ နန်မ်မန်ဂျာဗီဒစ်၊ ရော်ကေးမှ မလက်ဒ်ဒန် ခရာစတတ်ဂျ်ဂျစ်စ်၊ ဒိုင်နမိုကီယက်မှ ဂိုရန်ဂါဗာရန်စစ်၊ ဆီးလ်ဗီလာမှ အိုင်ပစ်ကာဒရက်ဂူတင်နိုဗစ်စ်တို့ ပါဝင်သည်။ ရှေ့တန်းမှာ ချယ်လ်ဆီးကစားသမားဟောင်း ကက်ဇမန်းရှိသည်။

ဆာဗီးယားသည် ပွဲဦးထွက်ပွဲ၌ ဟော်လန်နှင့် ကစားရမည်။ ဟော်လန်၏ကစားကွက်ပုံစံမှာ ၄-၃-၃ ဖြစ်သည်။ ဤကစားကွက်တွင် နည်းပြဆရာဘက်စတင်းကရှေ့တန်းဘယ်ဘက်မှ လှုပ်ရှားမည့် ချယ်လ်ဆီးတိုက်စစ်မှူး အာဂျန်ရော်ဘင်ကို အားကိုးသည်။ အဓိကတိုက်စစ်မှူးမှာမန်ယူမှနစ္စတယ်ရွိုင်းဖြစ်သည်။ ဖိလစ်ကိုကူးက အလယ်တန်းတွင် အခရာဖြစ်သည်။ သို့သော်လည်း ဟော်လန်အသင်း ကမ္ဘာ့ချန်ပီယံဖြစ်ဖို့အတွက် လိုပါသေးသည်။

ဆာဗီးယားနှင့် မွန်တီနီဂရိုး ရှေ့တန်းတိုက်စစ်မှူးဖြစ်သူ ချယ်လ်ဆီးအသင်း ကစားသမားဟောင်း ကက်ဇမန်း။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အာဖရိကတိုက်မှ တအံ့တသြဖြစ်စေမည့် အသင်းတစ်သင်း ရှိလာခဲ့မည်ဆိုလျှင် ၎င်းအသင်းမှာအိုင်ဗရီကို့စ်ဖြစ်ပါလိမ့်မည်။ အိုင်ဗရီကို့စ်၏ ကစားသမားများသည် ဥရောပထိပ်သီးအသင်းများတွင် ပါဝင်ကစားနေကြသူများဖြစ်သည်။ နည်းပြဆရာ မစ်ချယ်လ်သည် နည်းဗျူဟာပိုင်းနှင့်ပတ်သက်၍ လေးစားခံရသူဖြစ်သည်။

မစ်ချယ်လ်သည် ကစားကွက်နှစ်ခုလုပ်ထားသည်။ ၄-၃-၃ ပုံစံနှင့် ၄-၃-၁-၂ အထိုင်တို့ ဖြစ်သည်။ အနိုင်ရရှိရေးအတွက် ပွဲအခြေအနေအပေါ်ကြည့်ပြီး ကစားကွက်ပြောင်းလဲ ကစားလိမ့်မည်ဖြစ်သည်။ ရှေ့တန်းတွင် ဒရော့ဘာနှင့် တွဲကစားမည့်သူမှာ အာရူနာဒင်ဒန်းဖြစ်သည်။ ကွင်းလယ်တွင် အိုလံပီယာကော့စ်အသင်းမှ အဓိက ကွင်းလယ်ကစားသမားဖြစ်သော ယာယာတိုရေး အပါအဝင် စွမ်းရည်ကောင်းသော ကစားသမားရှိသည်။ ယာယာတိုရေးနှင့် ညီအစ်ကိုတော်သူ ကိုလိုက နောက်တန်း၌ အဓိကဦးဆောင်ကစားသွားလိမ့်မည်ဖြစ်သည်။

ဤအုပ်စုထဲတွင် အာဂျင်တီးနားသည် အစဉ်အလာအားဖြင့် အင်အားအတောင့်တင်းဆုံး အသင်းတစ်သင်းဖြစ်သည်ကို အားလုံးလက်ခံကြမည်ဖြစ်သည်။ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံဖြစ်ပြီးနောက် အာဂျင်တီးနားအသင်းမှာ ကစားသမားကောင်းများနှင့် ပြည့်နှက်နေသည်။ သို့သော်လည်း လူကြိုက်မများဘဲ ရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင်လည်း အာဂျင်တီးနားသည် တစ်ပေးခံရသော အသင်းများထဲတွင် မပါဝင်ခဲ့ချေ။

နည်းပြဆရာ ဟိုဆေးပီကာမင်က အသင်းကို ၃-၃-၁-၃ ပုံစံချထားသည်။ ဂျူအန်ရီကွယ်လ်မီနှင့် လီအိုမက်ဆီတို့သည် အသင်း၏ အဓိကတိုက်စစ်မှူးများ ဖြစ်သည်။ ပြိုင်ဘက်နောက်တန်းကို အကြီးအကျယ် ခြိမ်းခြောက်လိမ့်မည်ဖြစ်သည်။ လွန်ခဲ့သောလေးနှစ်ကလို အုပ်စုမှလှည့်မပြန်ရအောင် ကြိုးစားကြမည်။ ယခုအခါ အာဂျင်တီးနားအသင်းမှာ ရိုက်ချိုး၍မရသော ပြင်းထန်သည့် စိတ်ဓာတ်များနှင့် ပင်ကိုစွမ်းရည်ကောင်းသော ကစားသမားများ ရှိနေသည်။ ဤကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာဂျင်တီးနားသည် မိမိတို့၏အစွမ်းအစများကို လျှို့မထားတော့ဘဲ အစွမ်းကုန် ထုတ်ဖော်ပြသမည်ဖြစ်သည်။ အုပ်စုမှ ကျွတ်ထွက်လာခဲ့မည်ဆိုလျှင် ရှေ့တွင်အခက်အခဲများနှင့် ထပ်မံရင်ဆိုင်ရဦးမည်။ မည်သို့ပင်ဖြစ်စေ အာဂျင်တီးနားသည် ရှေ့တွင် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများကို အသင့်ပြင်ဆင်ထားပြီဖြစ်သည်။ ။

ဂမ်ဆိုင်း

စုပေါင်းစိုက်ပျိုး

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ရပ်ကွက်အလိုက်ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးလျက်ရှိရာ ဇွန် ၅ ရက်က (၇)ရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အဖွဲ့ ရပ်ကွက်အတွင်းရှိ မြေလွတ်နှစ်ဧကခွဲတွင် ခြံစည်းရိုးကြက်ဆူပင်များအား ပြုစုပျိုးထောင် စိုက်ပျိုးပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၆

ဦးဟန်ဇော်လင်း (CHC) သည် သန်လျင်ဂေါက်ကလပ်၌ ဇွန် ၃ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၇)သို့ ၉၂ ကိုက်အကွာမှ Nike 1 ဘောလုံးအား Maruman Pitching Wedgeတုတ်ဖြင့်ရိုက်လိုက်ရာတစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင်ကစားဖော်များဖြစ်ကြသော ဦးသန်းဇော(သစ်လုပ်ငန်း)၊ ဦးအေးကို(သစ်လုပ်ငန်း)၊ ဦးအေးချို (သစ်လုပ်ငန်း) တို့နှင့်အတူ ကစားခဲ့သည်။ (ကြေးမုံ)

ကွယ်လွန်သူ နှစ်ဖက်သောမိဘများအားရည်စူး၍ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်းနေ ဦးသောင်းညွန့်-ဒေါ်ကြင်လှိုင်၏ (၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအဆောက်အအုံအတွက် ငွေကျပ်တစ်သိန်းကို တိပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီလမ်းနေ ဦးကောက်၊ ဒေါ်ခင်ခင်ဝင်း မိသားစု(မိုဃ်းကောင်းဂျုံခေါက်ဆွဲစက်)တို့က မိဘများအားရည်စူး၍ ဒေါ်တိအားအမှူးထားပြီး ငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအကျိုးတော်ဆောင်ဆရာတော် အရှင်ခေမာသိရီ(လှတော)ထံ မေ ၁၁ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေးအတွက် သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အောင်မင်္ဂလာ (၂) လမ်းနေ ဖခင်ကြီးဦးဇာချပ်အားရည်စူး၍ ဇနီး ဒေါ်လေးခင်နှင့် သား သမီးမြေးတစ်စုက ငွေကျပ် ၁၀ သိန်းကို သာသနာ့ဗိမာန် အုပ်ချုပ်မှုကော်မတီရုံး၌ ပေးအပ်လှူဒါန်းရာ အလှူငွေရှာဖွေရေးနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန် လက်ခံရယူစဉ်။ (၅၂၇)

ကွယ်လွန်သူ ဒေါ်စိန်ကြည်အားရည်စူး၍ မမဦးလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေ ကျန်ရစ်သူမိသားစုက ဗဟန်းမြို့နယ်၊ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်

ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉–၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၃၄၈၊ ၂၅၉၀၁၃
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၃၈

ဇီဝိတဒါနကုသိုလ်ဖြစ်ဆေးခန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ၌ ၂၀၀၆–၂၀၀၇ ခု ပညာသင်နှစ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲနှင့် ပန်းတစ်ပွင့်တောင် ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ကျင်းပရာ ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပြဘွဲ့ရ သံဃာတော်များ၊ ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အင်းဂံ၊ ဝါးပတောနှင့် ဖူးကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိသတ်တို့က ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေပဓာနနာယကချုပ် ဆရာတော်ထံမှငါးပါးသီလနှင့် ဩဝါဒကထာ နာယူကြပြီး အလှူရှင်များက ဆေးဝါးနှင့် ပညာရေးရန်ပုံငွေတို့ကို ဆရာတော်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပန်းတစ်ပွင့်တောင် ဇီဝိတဒါနကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တာဝန်ခံ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏိဿရက ဆေးခန်း ဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းလျှောက်ထားပြီး ပန်းတစ်ပွင့်တောင် နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ ဒေါက်တာစောဝင်း၊ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မောင်အုန်း၊ ဝါးနက်ချောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဦးတို့က ဖဲကြိုးဖြတ်၍ ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆေးခန်း၌ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများက အလှည့်ကျလုပ်အားဒါန ပြုလုပ်၍ သူငယ်တန်းမှ ဒသမတန်းအထိ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်နှင့် ပန်းတစ်ပွင့်တောင်အနီးရှိ ဒေသခံပြည်သူများအား ဇီဝိတဒါန ကျန်းမာရေး စောင့်ရှောက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှူးခင်းတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်မိသားစု၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် လေ့ကျင်သင်ကြားရေးဌာန ခန်းမ(၁)တွင် ကျင်းပခဲ့ရာ မှူးခင်းတပ်ဖွဲ့မှူးကိုယ်စား အောက်မြန်မာနိုင်ငံ မှူးခင်းတပ်ဖွဲ့ခွဲမှူး ရဲမှူးကြီးမောင်မောင်စိုးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပညာသင်ထောက်ပံ့ကြေးများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာသင်များ စုစုပေါင်း ပညာသင် ၄၉၄ ဦးအတွက် ကျပ် တစ်ဆယ့်ရှစ်သိန်းရှစ်သောင်း တစ်ထောင်ကို ပေးအပ်ချီးမြှင့်သည်။ (က–ပ)

ဇွန် ၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်ပိုင်း)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းနှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်တို့ ပူးပေါင်း၍ ရပ်ကွက်အတွင်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများကို ကျောင်းသူကျောင်းသား တစ်ဦးချင်းအား ပေးအပ်လှူဒါန်းစဉ်။ (၃၂)

ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်းနေ ကွယ်လွန်သူ မိဘများဖြစ်သော ဦးမောင်တီ –ဒေါ်တင်ကြည်၊ ဦးရွှေဝါ – ဒေါ်ကျင်မြိုင်တို့အား ရည်စူး၍ ဦးသန်းဦး–ဒေါ်မြမြဌေး၊ သား–မောင်ကျော်စွာဦး၊ မောင်စိုးသစ်ထွန်း၊ မောင်သီဟအောင် မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၆)လမ်းနေ ဦးလှမြင့်–ဒေါ်သန်းရွှေ မိသားစုက ခရမ်း နာရေးကူညီမှုအသင်းအတွက် ငွေကျပ်တစ်သိန်းကို အကြံပေးအဖွဲ့ဝင် ဒေါ်အမာကြည်ထံ ဇွန် ၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ
နော်ဝေနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စစ် မေရီရက်တော၊ ဖီရဲ၊ ဘရက်တက်စ်တေသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စစ်မေရီရက်တော၊ ဖီရဲ၊ ဘရက်တက်စ်တေအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စစ်မေရီရက်တော၊ ဖီရဲ၊ ဘရက်တက်စ်တေက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။
(သတင်းစဉ်)

ယနေ့မိုးလေဝသ

(၇–၆–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

သတင်း အညွှန်း

❒ အာဂျင်တီးနား၊ အိုင်ဗရီကို့စ်၊ ဆာဗီးယားနှင့် မွန်တီနီဂရိုး၊ ဟော်လန်အသင်းတို့ပါဝင်သော ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) အသင်းများ၏ ကစားကွက် နည်းဗျူဟာနှင့် စပ်လျဉ်း၍ ဂမ်ဆိုင်း၏ပြိုင်ပွဲအကြို သုံးသပ်ချက်။
(စာမျက်နှာ–၁၂)



❒ ဂျပန်နိုင်ငံမှ မော်တော်ကား ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော ဟွန်ဒါကုမ္ပဏီသည် စိတ်ကူးနှင့် စေခိုင်းနိုင်မည့် စက်ရုပ်များ တီထွင်ထုတ်လုပ်နိုင်မည့် နည်းပညာ တစ်ရပ်ကို ရှာဖွေလျက်ရှိသည်။
အင်တာနက်သိပ္ပံသတင်း
(စာမျက်နှာ–၇)